mgyoe.com SAMPLE BOOK


မောင်သိန်းဆွေ(ထားဝယ်)

# ဗန္ဓုမင်းရင်းတမ်း

2018/GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com SAMPLE BOOK



မောင်သန်းဆွေ(ထားဝယ်)

# ဗဒုံမင်းရှင်းတမ်း

K0324

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - မေလ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးလင်းဇာနည်၊ သိရိဂုဏ်ဝေပုံနှိပ်တိုက် (၀၁၄၃၇)
အမှတ် - ၃၂၊ ၅၃ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

မျက်နှာဖုံးပန်းချီ - ကျော်မင်းမောင်

တန်ဖိုး - ၃၂၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်းရှင်းတမ်း

## မောင်သန်းဆွေ(ထားဝယ်)

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉- ၇၃၀၄၁၁၃၇၊ ၀၉ ၄၄ ၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အမှာစာ

စာရေးဆရာ နိုဝယ်လ်အက်ဖ်ဆင်းဂါး (NOEL F. SINGER) ဆိုသူက ၂၀၀၃ ခုနှစ်တွင် The Sorcerer-King and the "Great Abortion" at Mingun ဆိုသည့်စာအုပ်ကို ရေးထုတ်ခဲ့သည်။

နိုဝယ်လ်ဆင်းဂါးဆိုသူမှာ အင်္ဂလိပ်လူမျိုးအစစ် မဟုတ်ချေ။ မြန်မာသွေး တစ်ဝက်ပါသူ ဖြစ်သည်။ ထို့ကြောင့် မြန်မာ့သမိုင်းနှင့် ပတ်သက်သော အကြောင်းအရာများကို လေ့လာရေးသားနေသူ စာရေးဆရာတစ်ဦး ဖြစ်ပါသည်။ သို့သော် ဤစာအုပ်တွင် ဗဒုံမင်း ကိုယ်တိုင်က လောကီပညာများ ယုံကြည်လိုက်စားခဲ့သည်ကို ဖော်ပြထားသည်။ ထိုခေတ် ထိုအခါက မြန်မာပြည်တွင် ဘုရင်မှအစ ပြည်သူပြည်သားအားလုံးတို့က လောကီပညာ အရပ်ရပ်ကို ယုံကြည်လိုက်စားကြသည်။

ဗဒုံမင်း (ဘိုးတော်ဘုရား) သည် နက္ခတ်ဗေဒင်ပညာရှင်တစ်ဦး ဖြစ်သည်။ ဤသည်ကို နိုဝယ်လ်ဆင်းဂါးက ဗဒုံမင်းအား မှော်ဘုရင်၊ စုန်းဘုရင် အနေဖြင့် မဆင်မခြင် သမုတ်၍ ဤစာအုပ်ကို ရေးထုတ်လိုက်ခြင်း ဖြစ်သည်။ အင်္ဂလိပ်လူမျိုးအစစ်က ရေးလျှင် 'သူ့ခမျာ နားမလည်ရှာလို့ပဲ' ဟု ခွင့်လွှတ်နိုင်သည်။ ယခု နိုဝယ်လ်ဆင်းဂါးသည် မြန်မာသွေးတစ်ဝက်ပါလျက် နှင့် ဤသို့ မဆင်မခြင် ရေးလိုက်ခြင်းမှာ ကုန်းဘောင်ခေတ်မှ အထင်ကရ ဘုရင်ကြီးတစ်ပါးကို စော်ကားလိုက်ခြင်းပင်ဖြစ်၍ စာရေးသူက ဤ 'ဗဒုံမင်းရှင်းတမ်း' ကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

မိတ်ဆွေ စာရေးဆရာ မောင်သွေးချွန်က အယ်ဒီတာချုပ်လုပ်၍

mgyoe.com

mgyoe.com SAMPLE BOOK

'နဘယ်' ဝိဓုရာစရ၊ ဂမ္ဘီရ၊ သုတ၊ ဓမ္မမဂ္ဂဇင်း ထုတ်ဝေခဲ့သည်။ ထို့ကြောင့် ဆရာ မောင်သွေးချွန်၏ နဘယ် မဂ္ဂဇင်းတွင် အမှတ် ( ၆ )မှစ၍ ဤ ဗဒုံမင်း ရှင်းတမ်းဆောင်းပါးများ လစဉ် ရေးသားခဲ့သည်။ အမှတ် ( ၂၇ )လောက်ထိ ဖြစ်ပါသည်။ နောက်ပိုင်းတွင် စာရေးသူ မအားလပ်၍ ဆက်မရေးနိုင်တော့ပါ။ ယခုမှ ထုတ်ဝေသူက ဤအကြောင်းကို စာအုပ်ထုတ်ချင်သည် ဆို၍ ဆက်ရေးပြီး အဆုံးသတ်လိုက်ရခြင်း ဖြစ်ပါသည်။

စာရေးသူ လစဉ်ရေးပေးသော ဆောင်းပါးများကို နဘယ်မဂ္ဂဇင်းတွင် စိတ်ရှည်စွာ ထည့်သွင်း ဖော်ပြပေးသော ဆရာမောင်သွေးချွန်အားလည်း ကျေးဇူးတင်ပါသည်။

ဤစာအုပ်မှ ကိုးကားချက်များကို နောက်ဆက်တွဲ၌ စုစည်း ဖော်ပြထားပါသည်။

မောင်သန်းဆွေ (ထားဝယ်)
၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆုတ် ၈ ရက်

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်းရှင်းတမ်း(၁)

အမရပူရ ပထမ မြို့တည် နန်းတည် ဗဒုံမင်းတရားကြီးကို ရာဇဝင်၌ ဘိုးတော်ဘုရား ဟူ၍သာ လူသိများကြသည်။ သူ့ကို ဆက်ခံသည့် မြေးတော် စစ်ကိုင်းမင်း၏ ဘိုးတော်ဖြစ်၍ ဘိုးတော်ဘုရားဟု ခေါ်ကြခြင်း ဖြစ်သည်။ ကုန်းဘောင်သမိုင်းတွင် ဘုရင်များ၏ အမည်များမှာ သူတို့ မင်းသားဘဝက စားခဲ့ရသည့် စားကျေးမြို့ရွာများကိုလိုက်၍ အမည်မှည့်ခေါ်ကြသည်။ ဗဒုံမင်းတရားသည် မင်းသားဘဝက ဗဒုံမြို့စား မင်းသားဖြစ်၍ မင်းဖြစ်လာသောအခါ ဗဒုံမင်းတရားဟု ခေါ်ခြင်း ဖြစ်သည်။

သို့သော် သူကဲ့သို့ပင် သူ့မတိုင်မီက ခမည်းတော် အလောင်းမင်းတရားကို ဆက်ခံသည့် ဒီပဲယင်းမင်းကို နောင်တော်ကြီးမင်း ဟူ၍သာ ရာဇဝင်၌ ခေါ်ကြသည်။ နောင်တော်ကြီးမင်းကို ဆက်ခံသည့် မြေဒူးမင်းကိုလည်း မကွေးမှ ရသော ဆင်ဖြူတော်ကြောင့် ဆင်ဖြူရှင်ဘွဲ့ခံပေရာ ဆင်ဖြူရှင်မင်း ဟူ၍သာ လူသိများခဲ့သည်။ ဗဒုံမင်းတရားကို ဆက်ခံသော စစ်ကိုင်းမင်းကိုလည်း မင်းတုန်းမင်းတရားကြီး၏ ဘကြီးတော် ဖြစ်၍ ရာဇဝင်၌ ဘကြီးတော် ဟူ၍သာ ထင်ရှားလေသည်။

ဗဒုံမင်းတရားသည် ကုန်းဘောင်မင်းဆက် ၁၁ဆက်တွင် ဆဋ္ဌမမြောက် ဘုရင် ဖြစ်သည်။ ခမည်းတော် အလောင်းမင်းတရားကြီး၏ ဘုန်းလက်ရုန်းဖြင့်

mgyoe.com

mgyoe.com
SAMPLE BOOK


တည်ထောင်ခဲ့သော တတိယ မြန်မာနိုင်ငံတော်ကြီးသည် နောင်တော် ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်တွင် ကုန်းဘောင်အင်ပါယာကို ချဲ့ထွင်နိုင်ခဲ့သည်။ ဗဒုံမင်းလက်ထက်သည် ကုန်းဘောင်မင်းဆက် ဘုန်းတန်ခိုး အကြီးဆုံး၊ အမြင့်ဆုံး အချိန်သို့ ရောက်နေချိန် ဖြစ်၏။ သူ၏ နောက်ဆက်ခံသော မြေးတော် စစ်ကိုင်းမင်းလက်ထက်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြင့် ကုန်းဘောင်တန်ခိုး အရှိန်အဝါ စ၍ ကျဆင်းလာရာ တီတော် သီပေါမင်းတရားလက်ထက်တွင် တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲဖြင့် သူ့ကျွန်ဘဝ ရောက်ခဲ့ရလေသည်။

ကုန်းဘောင်မင်းဆက်၏ သက်တော်အရှည်ဆုံး ၊ နန်းစံ အကြာမြင့်ဆုံး၊ ဘုန်းတန်ခိုး လက်ရုံးနှင့်လည်း အပြည့်စုံဆုံးဖြစ်သော ဗဒုံမင်းတရားကြီးအား ၂၀၀၃ ခုနှစ်တွင် ပုံနှိပ်သော နိုဝယ်လ်အက်ဖ်ဆင်းဂါး ရေးသည့် The Sorcerer-King and the "Great Abortion" at Mingun စာအုပ်တွင် ရေးထားပုံမှာ စာရေးသူတို့ မြန်မာဘုရင်ကို စော်ကားလိုက်သကဲ့သို့ ဖြစ်နေပါသည်။ Sorcerer ဆိုသည့် အဓိပ္ပာယ်မှာ မှော်အတတ်၊ စုန်းအတတ် ဟု အဓိပ္ပာယ်ရသည်။ ဗဒုံမင်းတရားကြီးကို Sorcerer King မှော်ဘုရင်၊ စုန်းဘုရင်ဟု ခေါ်၍ စော်ကားလိုက်ခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဗဒုံမင်းတရားကြီးသည် သူ ခေါ်ဝေါ် သမုတ်လိုက်သကဲ့သို့ ဟုတ်၊ မဟုတ်ကို ရှင်းတမ်းထုတ်ရပေမည်။ ဗဒုံမင်း၏ ကောင်းမှု၊ ဆိုးမွေများကိုလည်း ယထာဘူတကျကျ ဆန်းစစ်ကြည့်ရမည်။-

ပထမဆုံးအနေဖြင့် ဗဒုံမင်းတရားကြီး၏ ဘဝအကျဉ်းချုပ်ကို ဖော်ပြရမည်။ ဗဒုံမင်းတရားကြီးသည် ကုန်းဘောင်မင်းဆက်ကို တည်ထောင်သော အလောင်းမင်းတရားကြီး၏ သားတော်အလတ် ဖြစ်သည်။ သက္ကရာဇ် ၁၁၀၆ ခု၊ တန်ခူးလပြည့်ကျော် ၆ ရက် ၂လံနေ့သို့ အဝင်၊ ညဉ့် သုံးချက်တီးကျော် ၅ နာရီ၊ မိဿတွင် ရာဟု၊ သိဟ်တွင် ၃ ၊ တူတွင် ၅၊ ဗြိစ္ဆာတွင် စန်း ၊ မနုတွင် ဝ ၊ ကုံတွင် လဂ် နှင့် ၄ဟူး ၊ မိန်တွင် ၁ - ၆၊ စဉ်နက္ခတ် - ၁၆ လုံး ၊ ၂ ပါဒ် ၊ ၇ ဗီဇနာတွင် ဖွားတော်မူသည်။ သက်တော် ၁၀ နှစ် သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် သတိုးမင်းလှရွှေတောင် ဘွဲ့အမည်ကို ခံ၍ ဗဒုံမြို့နှင့် မြဝတီမြို့များကို ကံကြွေးခံတော်မူသည်။ ငယ်မည်မှာ မောင်ဝိုင်းတည်း။

သက်တော် ၁၆ နှစ် သက္ကရာဇ် ၁၁၂၂ ခု နောင်တော် ဒီပဲယင်း

mgyoe.com

mgyoe.com
SAMPLE BOOK


(နောင်တော်ကြီး) မင်းတရားလက်ထက်တွင် သတိုးမင်းစော ဘွဲ့အမည် ခံတော်မူသည်။ သက်တော် ၂၀ သက္ကရာဇ် ၁၁၂၆ ခု ၊ နောင်တော် မြေဒူးမင်း (ဆင်ဖြူရှင်) လက်ထက်တွင် သုဓမ္မရာဇာဘွဲ့အမည်ကို ခံသည်။ သက်တော် ၃၇ နှစ် သက္ကရာဇ် ၁၁၄၃ ခု တပို့တွဲလပြည့်ကျော် ၁၄ ရက် တနင်္လာနေ့တွင် ရတနာပူရ အဝရွှေနန်းကို တက်တော်မူသည်။ သက်တော် ၃၈နှစ် သက္ကရာဇ် ၁၁၄၄ ခု တပို့တွဲလဆန်း ၇ ရက် အင်္ဂါနေ့သို့ အဝင် ညဥ့် ၃ ချက်တီးကျော်၊ ၁နာရီ တစ်ပါဒ် – ၃ ဗီဇနာ ၊ ပြန်ပြည့် ၄ ခရာ ၊ ဥတ္တရာဘာဒ္ဒပုဒ်နက္ခတ် မွန်းတည့် ပြီသတွင် စန်း နှင့် လဂ် ၊ ပုဿတိထိ၊ ဃဋီ ၃၄၊ နက္ခတ် ၃ လုံး ၊ ဃဋီ ၂၇ တွင် မြို့တော်၊ ကျုံးတော် ၊ ရွှေနန်းတော်၊ ရွှေဂူတော်၊ ရွှေကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော်၊ ဆည် ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်တော်မူ၍ ပြီးပြေလျှင် မြို့တော်ကို အမရပူရ သမုတ်တော်မူသည်။ သက္ကရာဇ် ၁၁၄၅ ခု နယုန်လပြည့်ကျော် ၁ ရက် ဖနေ့ အမရပူရရွှေနန်းတော်ကို တက်သိမ်းတော်မူ၍ ၄င်းလပြည့်ကျော် ၈ ရက် ဖနေ့ နံနက် ၁ ချက်တီးကျော် ကောင်းမြတ်သောအခါတွင် ထီးဆောင်းမင်္ဂလာ မဟာဥကင်သဖွင့်တော်မူ၍ သီရိပဝရ တိလောက ပဏ္ဍိတ မဟာဓမ္မရာဇာ ဟူသော တံဆိပ်နာမံကို ခံတော်မူသည်။

၄င်းနေ့ နတ်တော်လဆန်း ၈ ရက် တနင်္လာနေ့ နိုင်ငံတော်အတွင်း စစ်တမ်း စာရင်းသိမ်းတော်မူသည်။ ၁၁၄၆ ခု နယုန်လပြည့်ကျော် ၁ ရက် ၅နေ့ နံနက် ၄ ချက်တီးကျော် ကောင်းမြတ်သောအခါတွင် ရာဇာဘိသေက ဗုဒ္ဓါဘိသိက်ကို ခံတော်မူ၍ သီရိပဝရ ဝိဇယာနန္တယသ တြိဘဝနာဒိတျာ ဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ ဟူသော တံဆိပ်နာမံကို ခံတော်မူသည်။ သက်တော် ၆၀ ၊ သက္ကရာဇ် ၁၁၆၆ ခု ဝါခေါင်လတွင် တစ်ကိုယ်လုံး ဝါဝင်းကဲ့သို့ ဖွေးဖွေးဖြူသော ဆင်ဖြူမကို လှိုင်မြို့နယ် မင်းလှအရပ်မှ ဆောင်ယူ ဆက်သ၍ မင်းကွန်းအလယ်ကျွန်း စံနန်းတော်သို့ ရောက်သည်ကို သီရိမလ္လာမဟာသုဘဒ္ဒါ အမည်သမုတ်တော်မူခြင်း၊ သက်တော် ၆၂ နှစ် သက္ကရာဇ် ၁၁၆၈ ခု တပို့တွဲ လပြည့်ကျော် ၁၄ ရက်နေ့ ကောင်းမြတ်သောအခါ သာယာဝတီမြို့တောင် နိဗ္ဗာန်ရွာတွင် သိကြားနတ်တို့ ပို့ဆောင်ဆက်သအပ်သော တိမ်တိုက်ကြားမှ ထွက်သော လပြည့်ဝန်းကဲ့သို့ ဖွေးဖွေးဖြူသော ဆဒ္ဒန်ဆင်ဖြူတော်ကို

mgyoe.com

mgyoe.com
SAMPLE BOOK


နိဗ္ဗာနပစ္စယနာဂရာဇာ အမည် သမုတ်တော်မူ၍ ရွှေစက်တင်တော်မူသော ဆဒ္ဒန်ဆင်မင်းသခင် မင်းတရားကြီး အဖြစ်သို့ ရောက်တော်မူသည်။

ဗဒုံမင်းတရားကြီးတွင် နန်းရမိဖုရားသုံးပါး၊ အဆောင်ရမိဖုရား နှစ်ပါး၊ အခြား မိဖုရား ၁၃ ပါး၊ ကိုယ်လုပ်တော် ၃၅ ပါး ထားသဖြင့် စုစုပေါင်း မိဖုရား၊ ကိုယ်လုပ်တော် ၅၃ ပါး ရှိပါသည်။

အမရပူရ မြို့တည်၊ နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် မင်းတရား၏ မိဖုရားကြီး သုံးပါးတွင် မြင်သည့် သားတော် လေးပါး၊ သမီးတော်ငါးပါး၊ ထီးဆောင်းနန်းနေ ပဒေသရာဇ် စော်ဘွား တပ်ပေါင်းမြို့စားတို့သမီး၊ မဟာ ဆွေတော်ကြီး၊ မျိုးတော်ကြီး၊ မှူးကြီး၊ မတ်ကြီး၊ မှူးလတ်၊ မတ်လတ်၊ စုရေးစုကိုင်တို့သမီးများကို နန်းတင်သည်တွင် မြင်သည့် သားတော် ၆၂ ပါး၊ သမီးတော် ၅၈ ပါး၊ စုစုပေါင်း ၁၁၈ ပါး၊ မိဖုရား သုံးပါးတွင် မြင်သည့် ကိုးပါးနှင့်ပေါင်းသော် သားတော် ၊ သမီးတော် စုစုပေါင်း ၁၂၇ ပါး၊ သားတော် များတွင် မဟာဥပရာဇာ အမည်တော်ရှိသော အိမ်ရှေ့မင်းတစ်ပါး၊ မဟာဓမ္မရာဇာခံ မင်းသားကြီး ၁၂ ပါး ၊ သတိုးခံမင်းသားလတ် ၇ ပါး၊ မင်းရဲခံမင်းသားငယ် ၂၀၊ ပေါင်း ၄၀၊ ငယ်လွန် ၂၁ ပါး၊ ထိုသားတော်မင်းသားများတွင် အထွတ်အမြတ်သို့ မရောက်မီ အကြီးဆုံးဖြစ်သော သားတော်ကြီးမှာ အိမ်ရှေ့မင်း၊ အငယ်ဆုံး သားတော်မှာ ပုသိမ်မင်း မင်းသား ဖြစ်သည်။ အထွတ်အမြတ်သို့ ရောက်တော်မူမှ အကြီးဆုံးဖြစ်သော သားတော်သည် မဟာဓမ္မရာဇာ အမည် တော်ရှိသော ပုခန်းမင်း၊ အငယ်ဆုံးဖြစ်သော သားတော်သည် သတိုးမင်းလှငယ် အမည်ရှိသော သိန္နီမင်းသားတို့ ဖြစ်သည်။ သမီးတော် ၅၇ ပါးတွင် ဒေဝီဘွဲ့ရ ၁၃ ပါး၊ ဝတီဘွဲ့ရ ၁၂ ပါး၊ ယုဇာဘွဲ့ရ နှစ်ပါး၊ ပဘာဘွဲ့ရ တစ်ပါး၊ ကေသာဘွဲ့ရ တစ်ပါး၊ စန္ဒာဘွဲ့ရ တစ်ပါး၊ မာလာဘွဲ့ရ တစ်ပါး ၊ မုတ္တာဘွဲ့ရ တစ်ပါး ၊ အမည်မရ သမီးတော် တစ်ပါး၊ ငယ်လွန် ၂၇ပါး၊ ထိုသမီးတော် ၃၃ ပါးတွင် အထွတ်အမြတ်သို့ ရောက်တော်မမူမီ အကြီးဆုံး ဖြစ်သော သမီးတော်သည် သီရိမဟာရတနာပဘာဒေဝီ အမည်တော်ရှိသော ဟင်္သာတ မင်းသမီး ဖြစ်သည်။ အငယ်ဆုံးမှာ သီရိမင်္ဂလာအမည်ရှိသော ယောမင်းသမီး ဖြစ်သည်။ အထွတ်အမြတ်သို့ ရောက်တော်မူမှ အကြီးဆုံးဖြစ်သော သမီးတော် သည် သီရိရတနာဒေဝီအမည်ရှိသော ရွှေကူမင်းသမီးဖြစ်၍ အငယ်ဆုံးဖြစ်သော

mgyoe.com

mgyoe.com SAMPLE BOOK


သမီးတော်သည် ကိုယ်လုပ်တော် ယိုးဒယားမင်းသမီး ရှင်မင်းပုတွင် မြင်သည့် သမီးတော် ငယ်ကလွန် တစ်ပါး ဖြစ်သည်။

မင်းတရားကြီးနတ်ပြည်စံတော်မူလိုသော် မဟာမုနိစသော နေပြည်တော်တွင် မြစ်စဉ် အကြေ အညာ ဘုရားပုထိုး တန်ခိုးရောင်ခြည်ပြ၏။ မုန့်နန်းတော်ကို လ ကျော်သည်။ နန်းတော်ဖြတ်ကိုက်တွင် လင်းတကျ၏။ မြေနန်းတော်ပြာသာဒ် အခိုးထွက်၏။ လင်းတနား၏ ။ မြေနန်းတော် စမုတ်ဦးဝယ် ပျားစွဲ၏။ ဥကင်တော် သီဟာသနပလ္လင်တွင် အစောင့်ထားသော စာမရီရုပ် မြူးထူး၏။ သူငယ်ရုပ် ရှစ်ခု လက်ပန်းဟန်လုပြ၏။ နေပြည်တော်ဝန်းကျင်မှ စ၍ အနှံ့အစပ်မြို့၊ ကျေးရွာများမှာ ပြည်အလုံး ရုတ်ရုတ်သဲသဲလန့်၏။

ဗဒုံမင်းတရားကြီးသည် စည်းစိမ်တော် ၃၈ နှစ်၊ သက်တော် ၇၅ နှစ် သက္ကရာဇ် ၁၁၈၁ ခု နယုန်လဆန်း ၁၃ ရက်နေ့ ည လေးချက်တီးကျော် အချိန်တွင် နတ်ပြည်စံတော်မူသည်။

စည်းစိမ်တော် ၃၈ နှစ် အတွင်း မင်းတရားကြီးသည် ရခိုင် ဓညဝတီ ပြည်ကြီးကို သိမ်းယူတော်မူသည်။ အောင်ပင်လယ်ကန်ကို ဆည်တော်မူသည်။ နန္ဒာကန်ကိုလည်း ဆည်ဖို့တော်မူသည်။ မင်းကွန်းပုထိုးတော်ကြီးကို တည်တော်မူသည်။ မိတ္ထီလာကန်ကိုလည်း ဆည်ဖို့တော်မူသည်။ မင်းကွန်းခေါင်းလောင်းကြီးကိုလည်း သွန်းလုပ်တော်မူသည်။ အိန္ဒိယပြည်သို့ စေလွှတ်၍ ဆေးကျမ်း၊ ဗေဒင်ကျမ်း ၊ လောကီကျမ်း အမျိုးမျိုးတို့ကို စုဆောင်းယူတော်မူသည်။

ခမည်းတော် အလောင်းမင်းတရားကြီးက သားတော်အစဉ်အဆက် ထီးနန်းအရိုက်အရာကို ဆက်ခံရန် အမိန့်တော်မှတ်ခဲ့သည်။ သားတော်ကြီး ဒီပဲယင်းမင်းက ခမည်းတော်၏ အမှာတော်အတိုင်း လိုက်နာ၍ သူ၏သားတော် ဖောင်းကားမင်းသားကိုပင် နန်းမပေးဘဲ ညီတော်မြေဒူးမင်းသားအား ဆက်ခံ စေခဲ့သည်။ အလောင်းမင်းတရားကြီး၏ အမှာတော်ကို မလိုက်နာသူမှာ သားတော်မြေဒူးမင်း(ဆင်ဖြူရှင်) ဖြစ်သည်။ မြေဒူးမင်းသည် ညီတော်များကို အနိမ့်ချထားတော်မူပြီး သူ၏ သားတော် စဉ့်ကူးမင်းသားအား ထီးနန်း လွှဲခဲ့သည်။ စဉ့်ကူးမင်းအား နန်းမှ ချ၍ ဒီပဲယင်းမင်း (နောင်တော်ကြီး)၏ သားတော် ဖောင်းကားမင်းသားက အဝနန်းတွင် နန်းတက်သည်။ ဘထွေးတော် ဗဒုံမင်း၊ ပုခန်းမင်း၊ ပင်းတလဲမင်း ၊ စည်သာမင်းတို့ကို အနိမ့်ချထားပြန်သည်။ အခြေအနေအရပ်ရပ်ကြောင့် ဗဒုံမင်းသားကြီးသည် ထီးနန်းကို သိမ်းယူရသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


အနိမ့်အမြင့် နှစ်ပေါင်းများစွာ နေခဲ့ရာမှ သက်တော် ၃၇ နှစ်တွင် ထီးနန်းစည်းစိမ်ကို ရရှိသဖြင့် ထီးနန်းစည်းစိမ်တည်မြဲရေးအတွက် ကုန်းဘောင်လူသတ်ပွဲကြီးကို ဗဒုံမင်းလက်ထက်တွင် စတင်ခဲ့သည်။ ခမည်းတော်၏ အမှာတော်ကိုလည်း မလိုက်နာနိုင်ခဲ့ချေ။ ညီတော် ပင်းတလဲ မင်းသားကိုလည်း စီရင်တော်မူသည်။ သူ၏ ထီးနန်းတည်မြဲရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့သည်။ သူ၏ သားတော်ကြီးကိုသာ ထီးနန်းဆက်ခံရန် အိမ်ရှေ့အရာပေးသည်။ သားတော်ကြီး အိမ်ရှေ့မင်းသားမှာ မင်းဖြစ်ထိုက်သော စစ်ဘုရင်လောင်းတစ်ပါး ဖြစ်သည်။ သို့သော် အသက်မရှည်ရှာပေ။ နတ်ရွာစံသွားသည်။ သို့ဖြစ်၍ ထိုသားတော်ကြီးမှ မွေးသော မြေးတော် စစ်ကိုင်းမင်းကို ထီးနန်းအရိုက်အရာပေးရန် စီမံခဲ့သည်။ ကုန်းဘောင်မျိုးများက မကျေနပ်ကြချေ။

ထိုသို့ ဖြစ်နေစဉ် စစ်ကိုင်းမင်းလက်ထက်တွင် ငယ်ချစ်မယ်နုအား မိဖုရားခေါင်ကြီးအရာ ပေးသဖြင့် ကုန်းဘောင်အမျိုးစည်းရုံးရေး ကျဆင်းကာ ဆွေတော်မျိုးတော်အတွင်း စိတ်ဝမ်းကွဲမှုများ ဖြစ်ခဲ့ရသည်။ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကလည်း အခြေအနေအရ ဖြစ်ပွားခဲ့ရသည်။ ဘိုးတော် ဆင်ဖြူရှင်မင်းနှင့် ဘိုးတော် ဗဒုံမင်းတို့လက်ထက်မှ ကုန်းဘောင်အင်ပါယာ ချဲ့ထွင်မှုများသည် စစ်ကိုင်းမင်း လက်ထက်တွင် မထိန်းသိမ်းနိုင်သည့် အပြင် နယ်ချဲ့စေဉ်းလဲ ဗြိတိသျှပိုင်နယ်များနှင့် ဆက်စပ်မိခဲ့သဖြင့် ရန်စခံရကာ စစ်ဖြစ်ရခြင်း ဖြစ်သည်။ စစ်ကိုင်းမင်း၏ အပြစ်ချည်း မဟုတ်ချေ။ အမွေခံအပြစ်များ ဖြစ်သည်။

ဗဒုံမင်း၏ ကောင်းသော ဆောင်ရွက်ချက်များကို ဖော်ပြသကဲ့သို့ သူ၏ အမှားများကိုလည်း ဖော်ပြရပေမည်။ သူသည် ကုန်းဘောင်မင်း ၁၁ ပါး အနက် ဘုန်းတန်ခိုးအကြီးဆုံးဖြစ်သော်လည်း သူ၏ နန်းသက်အတွင်း သူ့ ဆောင်ရွက်ချက်များသည် တိုင်းပြည်ကို ကောင်းကျိုးပေးသော်လည်း မကောင်းကျိုး ပေးသော အမှုလည်း ရှိသည်။ ယင်းကိစ္စများအနက် ပြည်ပ စစ်ပွဲအရပ်ရပ် ဆင်နွှဲခြင်းသည် အဆိုးဆုံး ဖြစ်ပါသည်။ မဏိပူရအရေးကို ဝင်စွက်မိသဖြင့် နောက်ပိုင်းတွင် ဗြိတိသျှတို့၏ အကြောင်းရှာ နယ်ချဲ့မှုကို မြေးတော်စစ်ကိုင်းမင်း က အမွေ ဆက်ခံခဲ့ရသည်။ ဗဒုံမင်း၏ ယိုးဒယားသို့ မအောင်မြင်သော စစ်ချီခြင်းမှာလည်း အမှားဆုံးလုပ်ရပ်တစ်ခု ဖြစ်၏။ ခရစ်နှစ် ၁၇၈၅ ခုတွင် ယိုးဒယားသို့ ချီတက်တိုက်ခိုက်ရန် စီမံသည်။ နန်းသက် သုံးနှစ်အရတွင်

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖြစ်သည်။

ယိုးဒယားကို မည်သို့သော အကြောင်းကြောင့် ချီတက်တိုက်ခိုက်ရသည် ဆိုသည့် အချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း၌-

' ဘိုးတော်ဘုရားသည် ဘိုးတော်၊ ဘေးတော်တို့နည်းတူ မိမိသည်လည်း ဘုန်းသမ္ဘာကြီးရင့်သော မင်းဟု အထင်ရောက်ခဲ့သည်။ နိုင်ငံတွင်လိုအပ်သည့် အခြေအနေမှန်ကို မတွေးဆမိသဖြင့် ယိုးဒယားဘက်သို့ အာရုံရောက်သွားပြန်သည် ' ဟု ဖော်ပြခဲ့ပါသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကမူ -

' ထားဝယ်မြို့ဝန် နေမျိုးကျော်ထင် သစ္စာဖောက်ပြီး ယိုးဒယားသို့ စေပါ ဝင်ရောက်ခြင်းကြောင့် လည်းကောင်း၊ ကာဝိလ - ဇင်းမယ်သို့ ဝင်၍မြို့ပြတည်ထောင်နေပြန်ခြင်းကြောင့် လည်းကောင်း စစ်ချီတိုက်ခိုက်ကြောင်း ' ဟု ဖော်ပြထားသည်။

အမှန်မှာ ထိုအချိန်က ယိုးဒယား-မြန်မာနယ်ခြား၌ အရေးအခင်းများ ပေါ်ပေါက်နေသည်။ သို့သော် ထိုနယ်ခြားအရေးအခင်းများသည် အလွန်ကြီးကျယ်၍ စစ်ဖြင့် ဖြေရှင်းရမည့်အဆင့် မဟုတ်ပေ။ နောင်တော် မြေဒူးမင်း (ဆင်ဖြူရှင်)လက်ထက်က ယိုးဒယားကို အနိုင်တိုက်ခိုက်ဖူးရာ ယခု အချိန်အထိ ၁၈ နှစ်မျှသာ ကြာရှိသည့်အတွင်း ယိုးဒယားသည် မြန်မာကို ရန်စ ကျူးကျော်ရန် အင်အား မရှိနိုင်သေးပေ။ ထိုကြောင့် ယိုးဒယား-မြန်မာ နယ်စပ်တစ်လျှောက်၌ ခိုင်မြဲသော ကင်းများ ချထားခြင်း၊ ရေး ၊ ထားဝယ် ၊ မြိတ် အရပ်များ၌ မိမိတို့ မြန်မာအမျိုးသားများကို ပိုင်နိုင်စွာ စည်းရုံး၍ ခိုင်မာစွာ အုပ်ချုပ်ခြင်းဖြင့် ပြီးပြေနိုင်သော အမှုကိစ္စငယ်များသာ ဖြစ်သည်။

သို့သော် ဗဒုံမင်းသည် စိတ်ရှည်စွာ သည်းခံသည့် အမှုကို မပြုဘဲ ယိုးဒယားသို့ အကြီးအကျယ် စစ်ချီ တိုက်ခိုက်ခြင်း ပြုမိသွားလေသည်။

ဗဒုံမင်းသည် ပဒေသရာဇ်ခေတ်၏ ပဒေသရာဇ်ရှင်ဘုရင်များအတိုင်း ဘုန်းတန်ခိုးကြီးမားခြင်းကို ပြလိုသည်။ ဘုန်းတန်ခိုးကြီးသည် ဟူသော မာန်ကို ပြသရန်အတွက် မလိုလားအပ်သော အရာများကို လုပ်တတ်သည်။ ဗဒုံမင်းသည် ယိုးဒယားသို့ စစ်သုံးကြိမ်ချီတက်တိုက်ခိုက်၏။ မအောင်ပါချေ။ ထို့ကြောင့် သူ၏ ဘုန်းတန်ခိုးကြီးမားမှုကို သက်သေထူရန်အတွက်လည်းကောင်း၊ မြန်မာပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေ မြင့်မားတိုးတက်လာစေမှု

mgyoe.com

mgyoe.com
SAMPLE BOOK


၌ လည်းကောင်း မည်သည့် ကောင်းကျိုးတစ်စုံတစ်ရာမျှ မပြုခဲ့ချေ။ ထိုမျှသာမက မြန်မာပြည်သူတို့အတွက် ဆိုးကျိုးများစွာ ပေါ်ပေါက်စေခဲ့သည်။ ပြည်သူတို့၏ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတို့၌ အဆင့်ကျသွားသည်။ ပြည်သူတို့၏ ခွန်အားများစွာ အလဟဿ ဆုံးရှုံးရသည်။ ဘုရင်အပါအဝင် အုပ်ချုပ်သူများနှင့် ပြည်သူများအကြား မကျေနပ်မှုများစွာ ပေါ်ပေါက်ခဲ့သည်။

ယိုးဒယားကို တိုက်ခိုက်သည့်အတွက် အချိန်ကုန်၊ လူပန်းဖြစ်သောကြောင့် မြန်မာနိုင်ငံ၏ စပါးနှင့် ကောက်ပဲသီးနှံထွက်ရှိသမျှ များစွာ ကျဆင်းခဲ့သည်။ စစ်တိုက်ရန် ဆင့်ခေါ်မှုများအတွက် မြန်မာပြည်အောက်ပိုင်းရှိ မွန်အမြောက်အမြား ယိုးဒယားဘက်သို့ ထွက်ပြေးကြသည်။ ကရင်များ တောခေါင်သော တောင်များပေါ်သို့ ထွက်ပြေးကြသည်။ ထို့ကြောင့် စစ်သားအင်အား မပြည့်စုံ၍ နောက်ဆုံးတွင် ဗဒုံမင်းသည် ယိုးဒယားသို့ စစ်ချီခြင်းကို ရပ်စဲခဲ့ရသည်။ သူ၏ မအောင်မြင်သော ယိုးဒယားစစ်ပွဲနှင့် ပတ်သက်၍ အကြောင်းရှာသော် အဓိက အချက်ကြီး သုံးချက် တွေ့ရသည်။ ပထမအချက်မှာ မြန်မာလူမျိုးများ စစ်ပန်းနေခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ မြန်မာဘက်တွင် စစ်ရေးကျွမ်းကျင်သော စစ်ခေါင်းဆောင်များ မရှိခြင်း ဖြစ်သည်။

အလောင်းမင်းတရားကြီး လက်ထက်တွင် မြင်းရည်တက် ဖြစ ယောက် ရှိခဲ့သည်။ ထိုအထဲမှ ငကောင်းဆိုလျှင် သေနတ်ဝန်အဖြစ်နှင့် သန်လျင်တိုက်ပွဲတွင် အသက်စွန့် အစွမ်းပြနိုင်ခဲ့သူ ဖြစ်သည်။ ငတွန်ကား မုဆိုးခြုံဗိုလ်မင်းခေါင်နော်ရထာ ဖြစ်သည်။ သောကား ဆင်ဖြူရှင်လက်ထက် တရုတ်စစ်ကို အနိုင်တိုက်ခဲ့သော ဝန်ကြီးမဟာသီဟသူရ ဖြစ်သည်။ ငနှောင်းကား တရုတ်စစ်ဗိုလ်ကို အနိုင်တိုက်လိုက်သည့် နာမည်ကျော် မဟာစည်သူ ဖြစ်သည်။ ငလွင်ကား တရုတ်စစ်ပွဲများအတွင်း ကောင်းတုံမြို့ဝန် ဗလမင်းထင်အဖြစ်နှင့် အစွမ်းပြခဲ့သူ ဖြစ်သည်။

တတိယအချက်မှာ ယိုးဒယားတို့အဖို့ ခုခံရေးစစ်ပွဲဖြစ်၍ စည်းလုံးညီညွတ်မှု ရှိကြခြင်း ဖြစ်သည်။

ဗဒုံမင်းလက်ထက်တွင် မြန်မာ့စစ်မှူးကြီးများ၊ စစ်ခေါင်းဆောင်များ ကွယ်လွန်ကြလေပြီ။ အသက်ရှင်လျက်သော ပုဂ္ဂိုလ်များမှာလည်း အိုမင်းမစွမ်း ရှိချေပြီ။ မျိုးဆက်သစ်ခေါင်းဆောင်များ မပေါ်ပေါက်ခဲ့။ စစ်ရေးထူးချွန်သူများ မွေးမထုတ်နိုင်ခဲ့။ ထို့ကြောင့် ဗဒုံမင်းလက်ထက် ယိုးဒယားသို့ စစ်ချီရာတွင်

mgyoe.com

mgyoe.com
SAMPLE BOOK


မြန်မာဘက်၌ ယခင်ကကဲ့သို့ ပြောင်မြောက်သော စစ်ခေါင်းဆောင်များ၊ စစ်သူကြီးများ မရှိဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဗဒုံမင်း ကိုယ်တိုင်ကလည်း မြေဒူးမင်း (ဆင်ဖြူရှင်)ကဲ့သို့ စစ်ပွဲအတွေ့အကြုံ မရှိသူ ဖြစ်၏။ ဗဒုံမင်းသည် စစ်ရေးစစ်ရာ ပြည့်စုံစွာ ပြင်ဆင်မှု မပြုပါဘဲ ယိုးဒယားသို့ စစ်ချီခဲ့သည်။ ယိုးဒယားတို့ဘက်ကလည်း ဤတစ်ကြိမ်၌ စည်းလုံးညီညွတ်ကြကာ မျိုးချစ်စိတ်ကို အရင်းခံ၍ ရှိသမျှ အင်အားနှင့် အစွမ်းကုန် ခုခံ တိုက်ခိုက်ခဲ့ကြသည်။ ဗဒုံမင်းသည် သူ၏ အမှားစစ်ကို သိသွားလေသည်။ ထို့ကြောင့် မြန်မာတပ်များ ယိုးဒယားမှ ပြန်လည်ဆုတ်ခွာရန် အမိန့်ထုတ်ခဲ့သည်။ဤသည်ကား မိမိအမှားကို အချိန်မီ ပြုပြင်နိုင်သည့် ဗဒုံမင်း၏ အမြင်မှန် ဖြစ်သည်။

ဗဒုံမင်း၏ နန်းသက် ၃၈ နှစ်အတွင်း အခြေအနေကို သုံးသပ်ကြည့်လျှင် တိုင်းပြည်အခြေသည် တိုးတက်ခဲ့ပါသည်။ ပြည်သူတို့၏ စီးပွားရေးမှာ အကြမ်းဖျင်းအားဖြင့် တိုးတက်ခဲ့သည်။ နိုင်ငံရေးအင်အားလည်း တိုးတက်သင့်သလောက် တိုးတက်ခဲ့ပါသည်။ စာပေအနုပညာ ထွန်းကားခဲ့သည်ကား အမှန်ပင် ဖြစ်သည်။ မှားသောစစ်တစ်ပွဲဆင်နွှဲမှုဒဏ်ကို အတော်ပင် အပန်းကြီးစွာ ကုစားခဲ့ရသည်။ ပြည်သူတို့ အဖို့လည်း မသက်သာသော ရောမ ဒဏ်ကြီး တစ်ခုကို ခံစားလိုက်ရသည်။ အပြင်းအထန်ရုန်းကန်၍ ကုစားလိုက်ရပါသည်။ ဤဒဏ်ကို ခံသွားရသူကား ဗဒုံမင်းကို ဆက်ခံသည့် စစ်ကိုင်းမင်း (ဘကြီးတော်) ပင် ဖြစ်သည်။

ဤသို့ ဗဒုံမင်း၏ ကောင်းမှု၊ ဆိုးမွေတို့ကို ဆန်းစစ်ကြည့်ပြီးလျှင်ကား ဗဒုံမင်းတရားကြီးကို မော်ဘုရင်၊ စုန်းဘုရင်အဖြစ် သမုတ်ခဲ့ခြင်းသည် မှန်၊ မမှန်၊ ဟုတ်၊ မဟုတ် ဖော်ထုတ်ရပေမည်။

မြန်မာဘုရင်တို့၏ ထုံးစံအတိုင်း ယုံကြည်မှုမှာ မိမိကိုယ်မိမိ ဘုရားအလောင်း၊ ဘုရားဆုပန်ဟု ထင်မြင်ခြင်း ဖြစ်သည်။ ဗဒုံမင်းလည်း မိမိကိုယ်မိမိ အထင်ကြီးကာ အရိမေတ္တေယျဘုရားအလောင်း အဖြစ်ပင် ယုံကြည်ခဲ့ပေမည်။ အချို့က 'ဂေါတမနောက် ဂေါတမောက်' ဟူ၍ သူ့ကိုယ်သူ ဘုရားဖြစ်ပြီဟု ယုံကြည်ခဲ့သည်ဟု ဖော်ပြကြသည်။ သံဃာတော်များက အသိအမှတ်မပြု၍သာ ဤရူးသွပ်သော အတွေးခေါ် ချုပ်ငြိမ်းသွားသည်ဟု ဆိုပါသည်။

ဗဒုံမင်းလက်ထက်တွင် ပထမံဘိုးဘိုးအောင် ကဲ့သို့သော ပုဂ္ဂိုလ်

mgyoe.com

mgyoe.com  SAMPLE BOOK 

ထူးများလည်း ပေါ်ပေါက်ခဲ့သည်။

မြေးတော်စစ်ကိုင်းမင်းသားနှင့် မြေးတော်ဆင်ဖြူရှင်မယ်တို့ ဆုံဖက်ရာမှ မြစ်တော် ညောင်ရမ်းမင်းသားကလေးကို အတိတ်ထူး၊ နိမိတ်ထူးများနှင့် ထူးထူးခြားခြား မွေးဖွားခဲ့သည်။ စကြဝတေးမင်းလောင်းဖြစ်မည် ဟူ၍ အထင်ရောက်ခဲ့သည်။ ဗဒုံမင်းလက်ထက်တွင် ဘုရင်ကိုယ်တိုင်က လောကီပညာများကို ယုံကြည်လိုက်စားသည်ကိုကား တွေ့ရမည် ဖြစ်သော်လည်း မှော်အတတ်၊ စုန်းအတတ် တတ်သည်ကိုကား မတွေ့ရပါ။ မှော်အတတ်၊ စုန်းအတတ်ပညာသည် မည်မျှ အောက်တန်းကျသည့် လောကီပညာ ဖြစ်ကြောင်း စာရှုသူများ သိပါသည်။ ထို့ကြောင့် စာရေးသူတို့၏ ကုန်းဘောင်မင်းများ အနက်မှ မင်းကောင်း မင်းမြတ်တစ်ပါး ဖြစ်သည့် ဗဒုံမင်းအား မှော်ဘုရင်၊ စုန်းဘုရင်အနေဖြင့် မဆင်မခြင် သမုတ်လိုက်ခြင်းသည် မည်မျှ မှားယွင်းသည်ကို ဆင်ခြင်ကြည့်စေချင်သည်။

ထိုခေတ် ထိုအခါက ဘုရင်မှ အစ မြန်မာတို့ ယုံကြည်လိုက်စားသော လောကီပညာအရပ်ရပ်ကို အကြမ်းဖျင်း သိထားရန် လိုပေလိမ့်မည်။ ထို့ကြောင့် ဤရှင်းတမ်း၏ နောက်ခံအနေဖြင့် ထိုခေတ်၊ ထိုအခါက မြန်မာတို့၏ လောကီပညာ (ယခုတိုင်လည်း အချို့ကို ယုံကြည်လျက် ရှိပါသေးသည်) ကို ဖော်ပြရန် လိုပါသည်။

❖

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်းရှင်းတမ်း (၂ ၊ ၃ ၊ ၄)

## မြန်မာတို့၏ လောကီပညာ

ဗဒုံမင်းခေတ် မတိုင်မီက လည်းကောင်း၊ သူ့ခေတ်တွင် လည်းကောင်း၊ ယခု တိုင်အောင်ပင် လည်းကောင်း အရှေ့တောင်အာရှ ဗုဒ္ဓဘာသာဝင်နိုင်ငံများတွင် လောကီပညာကို လိုက်စားကြပါသည်။ မြန်မာတို့၏ လောကီပညာ ဆိုရာ၌ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်၊ ပီယဆေး၊ မှော်၊ ဇေဒင်၊ ယတြာ၊ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း ၊ ဘဝေါ၊ ကြက်ရိုးထိုး၊ တမျဉ်းထိုး၊ စာရေးကောက်၊ နတ်ဆိုနတ်ဟော ၊ နတ်စစ်ချနှင့် သိုက်စာတို့ကို ဆိုလိုပါသည်။

ဗဒုံမင်းတရားလက်ထက်မှ ဦးပေါ်ဦးက -

' သိုက်စာ၊ တဘောင်၊ ကိန်းခန်းများသည် ဘုရင်အဆက်ဆက်က ယုံကြည်သဖြင့် အသုံးပြုခဲ့ကြသော စာပေများ ဖြစ်သည် 'ဟုပင် ဆိုခဲ့ပါသည်။

ရှေးမြန်မာတို့သည် သိုက်သမိုင်းတို့၌ မွေ့လျော်လျက် သူတို့ ဦးနှောက်များလည်း တဘောင်၊ စနည်းများအရ လှုပ်ရှားခဲ့ကြသည်။ ဗုဒ္ဓတရားများကို အခြေခံသော ခေတ်ဖြစ်၍ ခေတ်ကောင်းဖော်၍ လူကောင်း စိုးမိုးရေးကို မျှော်မှန်းအားပေးသော သဘော ရှိလေသည်။ သိုက်၊ တဘောင်

mgyoe.com

mgyoe.com


ဆိုသည်မှာ လူသူအပေါင်းတို့၏ ဆင်းရဲ ချမ်းသာမှု စသည်တို့ကို ရာဇဝင် ဖြစ်ရပ်များနှင့် တိုက်ဆိုင်ကြည့်ရှုကာ မည်သို့ မည်ပုံ ကြုံတွေ့ကြရမည်ကို ပညာရှိများက ကြိုတင်ဟောပြောသော ညွှန်ကြားချက်များ ဖြစ်၏။ ရှေးမြန်မာ မင်းများသည် ထိုကိစ္စတို့၌ များစွာ ယုံကြည်သည့်အတိုင်း ပြည်ရေးပြည်ရာ ကိစ္စများကို ဖြေရှင်းရာ၌ပင် စနည်း၊ တဘောင်များကို လေ့လာကာ လိုအပ်သော ယတြာများ ပြုလုပ်စမြဲ ဖြစ်သည်။ သို့သော် ထိုလောကီပညာတို့သည် ထေရဝါဒဗုဒ္ဓဘာသာနှင့် တစ်လမ်းစီ ဖြစ်၏။

မြန်မာတို့၏ လောကီပညာ တစ်ခုချင်းကို အဓိပ္ပာယ်ရှင်းရလျှင် -

*အင်းအိုင်*-ဆိုသည်မှာ ရွှေပြား၊ ငွေပြား၊ ကြေးပြား ၊ ဘော်ပြား၊ စက္ကူ စသည်တို့တွင် အင်းများချ၍ ရေးသား တွက်ချက်ထားသည့် ပစ္စည်းမျိုး ဖြစ်သည်။ ထိုအင်းအိုင်ကို ဆောင်ထားသူအား ဘေးရန်အန္တရာယ်မှ ကာကွယ် ပေးသည်ဟု အယူရှိသည်။ ထူးခြားသည့် တန်ခိုး ဂုဏ်ဒိုပါဒ်များနှင့်လည်း ပြည့်စုံသည်ဟု ယုံကြည်ကြသည်။

*ခါးလှည့်၊လက်ဖွဲ့*-ဆိုသည်မှာ အင်းအိုင်ကဲ့သို့ ဆောင်ထားသည့် အဆောင်ပင် ဖြစ်သည်။ ခါးလှည့် ဆိုသည့်အတိုင်း လူ၏ခါးတွင် ရစ်ပတ်ထားပြီး အဝတ်နှင့် ဖုံးကွယ်ထားသည့် အဆောင်တစ်မျိုး ဖြစ်၏။ အချို့က ခန္ဓာကိုယ် အရေပြားထဲတွင် ထည့်သွင်းမြှုပ်နှံထားသည်။ ဝတ်ထားသည့် အဝတ်အစားများ တွင်လည်း ထည့်သွင်းချုပ်လုပ်ထားတတ်သည်။

*ဂါထာ၊ မန္တန်*-ဆိုသည်မှာ အထူးစပ်ဆိုထားသော ရွတ်ဖတ် သရဇ္ဈာယ် ရသည့်စာ ဖြစ်သည်။ များသောအားဖြင့် ပါဠိဖြင့် ရေးသည်။ အမျိုးမျိုး အကွဲကွဲ အပြားပြားရှိသဖြင့် 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း' ဟူသည့် မြန်မာစကားပင် ရှိခဲ့ပါသည်။

*ဗေဒင်*-ဆိုသည့် စာလုံးမှာ ဟိန္ဒူဝေဒမှ ဆင်းသက်သော ဝေဒင်္ဂပညာ ကို ဆိုလိုသည်။ ဝေဒင်္ဂပညာနှင့် ပတ်သက်၍ အိန္ဒိယမှ ကျမ်းများစွာကို လည်းကောင်း၊ အိမ်နီးနားချင်း နိုင်ငံများမှ ကျမ်းများစွာကို လည်းကောင်း မြန်မာမှုပြုခဲ့သည်။ ဗေဒင်ပညာကို အသုံးချ၍ ဟောပြောသော ဗေဒင်ဆရာ သည် ပုဂ္ဂိုလ်တစ်ဦး၏ အတိတ်ကို လည်းကောင်း၊ အနာဂတ်ကို လည်းကောင်း မှန်အောင် ပြောနိုင်၊ ကြိုတင် တွက်ဆ ဟောပြောနိုင်သည်ဟု အဆိုရှိသည်။ ယနေ့တိုင် ထင်ရှားလျက်ရှိသော ပညာရပ် ဖြစ်၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ယတြာ-ဗေဒင်ပညာနှင့် ဆက်စပ်နေသော အလုပ် ဖြစ်သည်။ ဗေဒင်အလိုအရ ဒုက္ခတွေ့ရမည့်ဘေးကို ယတြာပြုလုပ်ခြင်းဖြင့် လွတ်ကင်းနိုင်သည်၊ သို့မဟုတ် ပေါ့လျော့သွားစေသည်။ 'ယတြာကောင်း မင်းလောင်းပျောက်သည်' ဆိုရိုးစကားပင် ရှိခဲ့ပါသည်။

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းတွင် ပုဂံဝန်ထောက်ဦးတင် (၁၈၆၀-၁၉၃၃)က -

'ယတြာကျမ်း ဟူသည်ကား မည်သည့်အကြောင်း ဖြစ်လာ ပေါ်လာလျှင် မည်ကဲ့သို့ ပြုလုပ်မှု၊ ထိုသူ၏ ရည်ရွယ်ချက် ဣဋ္ဌ ၊ အနိဋ္ဌ၊ ဖြစ်သောမဖြစ်မြောက်အောင် ပျောက်ပြေကိန်းကျေသည် ဟူသော အယူမျိုးပင်တည်း။

ထိုအယူမျိုးသည် ပုဂံအရည်းကြီးများက စသည် ဟူ၍ ဆရာကြီးများပြောကြားလေ့ ရှိသည်။ အရည်းကြီးများ၏ ကြားမှာလည်း ဗုဒ္ဓသာသနာဝိနည်းလာ အာပတ်ဖြေနည်း၊ ဟိန္ဒူကျမ်းဂန်၊ သက္ကတဘာသာလာ အာပတ်ဖြေ၍ရေငုပ်နည်း၊ ရေချိုးနည်းများကို အတုယူ၍ ဆင်တူယိုးမှား ရေးသားထားသောကျမ်းမျိုးပင်တည်း။ ထိုယတြာကျမ်းမျိုးကို ရှေးအခါက ဗမာ၊ မွန်၊ ထိုင်း၊ ရခိုင်၊ ကသည်း၊ ရှမ်း၊ ယွန်း (လာအို)တို့သည် အားကြီးယုံကြည် လိုက်နာကြသည်။' ဟု ရေးသားသည်။

အိန္ဒိယမှ ဟိန္ဒူအယူအဆနှင့် တိဗက်တို့၏ အယူအဆ ပြုမူပုံတို့ကိုကျန်အရှေ့တောင်အာရှနိုင်ငံများက လိုက်နာကျင့်သုံးကြခြင်း ဖြစ်သည်။

ယတြာနှင့် ပတ်သက်၍ ရှေးက ဆိုရိုးစကားမှာ -

'ကောင်းစားလိုသော် ကိုယ့်နာမ်ကို ဘုရားထု'

'ယုတ်စေလိုသော် နာမ်ကို တံတားပြု' ဟူ၍ ဖြစ်သည်။

အတိတ်-ဆိုသည်မှာ အဖြစ်အပျက်တစ်ခုအပေါ် မူတည်၍ အဓိပ္ပာယ်ပြန်ယူခြင်း ဖြစ်သည်။ ယခုအခါ ထီထိုးလျှင် အတိတ်ရေးသည်ကိုသာ အတိတ်ဟု နားလည်ကြတော့သည်။ အတိတ်ကောက် ဆိုရာ၌ တောင်ပို့ပေါက်၊ ငှက်မြည်၊ ကြွက်ကိုက်၊ ခွေးအူ၊ အိမ်မြှောင်စုတ်ထိုး ဟူ၍ အမျိုးမျိုးရှိသေးသည်။ လက်ရှိဖြစ်ပေါ်မှုအပေါ်တွင် နောင်ဖြစ်ပေါ်ရေးအတွက် အဓိပ္ပာယ်ကောက်ဆိုခြင်းနည်းပင် ဖြစ်သည်။

နိမိတ်-ဆိုသည်မှာ အတိတ်နှင့် ဆင်ဆင်ပင် ဖြစ်သည်။ လက်ရှိအဖြစ်အပျက်တစ်ခုကို နောင်ရေးအတွက် အဓိပ္ပာယ်ကောက်ယူခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


မြန်မာဘုရင်များလက်ထက်တော်က တစ်စုံတစ်ခုဖြစ်သည်နှင့် ထိုအဖြစ်အပျက်ကို နိမိတ်ဖတ်ရသည်။ အနီးရှိ ပညာရှိက ချက်ချင်း သံတော်ဦးတင်ရသည်။ နရပတိစည်သူ (ခရစ်နှစ် ၁၁၇၄ - ၁၂၁၁)သည် ဖောင်တော်ဖြင့် ကြွချီလာရာ ဖောင်တော်သည် ရုတ်တရက်တန့်သွား၏။ ဘုရင်၏ မောက်ရှုတော် (ခမောက်) သည် မြေသို့ ခသည်။ အနီးတွင် ရှိသော ဝေဒပညာရှင် 'ရွှေအင်တောက်' အား နိမိတ်ဖတ်စေသည်။ ဖောင်တော်တန့်ရာအနီးမှ စေတီကို ပတ်ဝန်းကျင်မှ မြေများအား ဘုရားဝတ္တကမြေအဖြစ် လှူဒါန်းရမည်။ သို့မှသာ ကြီးပွားချမ်းသာမည်ဟု နိမိတ်ဖတ်၏။

*စနည်း*-ဆိုသည်မှာ နိမိတ်ဆိုးကို ဆိုလိုသည်။ စနည်း ယူသည် ဆိုရာ၌ ညဥ့်အခါ တိတ်တဆိတ် လှည့်လည် နားထောင်ရာ ဘာသာလဝါ ပြောဆိုနေကြသော စကားစမြည်များကို နိမိတ်ကောက်ယူခြင်း ဖြစ်သည်။

*ဘဝေါ*-ဆိုသည်မှာ သဘာဝထက် ထူးဆန်းသော အရာကို ကြိုတင် သိသာထင်ရှားအောင် ပြခြင်း ဖြစ်သည်။

*တဘောင်*-ဆိုသည်က အဖြစ်အပျက် အကြောင်းအရာ တစ်ခုအတွက် သီချင်းဟန် ကာရန်ဖြင့် စပ်ဆိုထားသည့် အဆိုကို ကလေးများ ၊ အရူးများက အဖြစ်အပျက် မတိုင်မီကပင် ကြိုတင် ရွတ်ဆိုနေသည့် အရာ ဖြစ်သည်။

တဘောင်ယူနည်း ဆိုသည်မှာ ကလေးသူငယ်များ၊ အရူးများ ပြောသော စကားများကို လိုရာကိုက်၊ မကိုက် တိုက်ဆိုင် ကောက်ယူခြင်းပင်တည်း။

ဥပမာ- အလောင်းမင်းတရားသည် ယိုးဒယား(ထိုင်း)ကို ခရစ်နှစ် ၁၇၆၀ ပြည့်နှစ်တွင် သိမ်းယူရန် ချီတက်သည်။ ထိုသို့ မတိုင်မီကပင် ရွှေဘိုတွင် ကလေးသူငယ်များသည် -

'မျက်ရည်ကိုသုတ်၊ နောက်ဆုတ်ပြန်'

ဟူသော တဘောင်ကို ရွတ်ဆိုလေ့ ရှိကြသည်။ အလောင်းမင်းတရားသည် ယိုးဒယား(ထိုင်း)ကိုတိုက်ရင်း ယင်းနှစ် မေလ ၁၀ ရက်တွင် လမ်းခရီး၌ နတ်ပြည်စံသည်။ သို့ဖြစ်၍ အလောင်းမင်းတရား၏ တပ်တော်မှာ ဘုရင့်အလောင်းကို ထမ်း၍ ပြန်ခဲ့ရသည်။

*ကြက်ရိုးထိုး* - စသည်များသည် ယတြာကျမ်း အပါအဝင်ပင်

mgyoe.com

mgyoe.com SAMPLE BOOK


ဖြစ်သည်။ ကြက်ရိုးထိုးဆိုရာတွင် နှစ်မျိုး ရှိသည်။ ကြက်အရှင်၏အရိုးထိုး၍ နိမိတ်ယူနည်း တစ်မျိုး၊ ကြက်အသေ၏အရိုးကိုယူ၍ ပေစာကြား၊ ထန်းဖူးစာကြားများသို့ ကြက်ရိုးနှင့်ထိုး၍ ကျရာ စာအဓိပ္ပာယ်ကို လိုရာ ရည်ရွယ်ချက်နှင့် ကိုက်၊ မကိုက် တိုက်ဆိုင်ဖတ်ယူနည်း ဖြစ်သည်။

တမျဉ်းထိုးနှင့် စာရေးကောက် စသည်များလည်း အလားတူပင်ဖြစ်သည်။ မှန်စာချနည်း ဟူ၍ ရှိသေး၏။ မည်သည့်စာကိုမဆို လိုရာအဓိဋ္ဌာန်၍ လှန်ပြီးလျှင် ဆိုခဲ့သည့် နိမိတ်ကောက်ယူခြင်း ဖြစ်သည်။ ယခုခေတ် တရုတ်ဘုရားကျောင်းများတွင် စာချသည်ဟု သွားရောက် လုပ်ကိုင်နေသည့် နည်းနှင့် အလားတူပင် ဖြစ်သည်။

နတ်ဆို၊ နတ်ဟော-ဆိုသည်မှာ နတ်ဝင်သည်တို့တွင် ပူးကပ် ဟောပြောသည့် အဆိုအမိန့်စစ်တမ်းချခြင်းတို့ကို ဆိုလိုသည်။ ဥပမာ- နတ်က 'ဆည်ပေါ်ငါးမကျော်ရ' ဟူ၍ အဆိုအမိန့်ရှိလိုက်လျှင် အဓိပ္ပာယ်မှာ အတားအဆီးထက်ကျော်၍ မပြုလုပ်ရန် လိုက်နာရခြင်း ဖြစ်သည်။

သိုက်စာ -ငှင်းကို တဘောင်နှင့် တွဲ၍ ဆိုကြသည်။ ထို့ကြောင့် သိုက်တဘောင် ဟူ၍ပင် တွဲ၍ သုံးသည်။ သိုက်စာဆိုသည်မှာ အများပြည်သူတွေကို မျှော်လင့်ချက်ပေးသည့်စာ ဖြစ်သည်။ ပစ္စုပ္ပန်ကာလအတွင်းမှ အနာဂတ်ကာလကို မျှော်အောင်၊ စိတ်ဓာတ်မကျအောင် သိုက်စာများက ပြုလုပ်ပေးတတ်သည်။

ပုဂံဝန်ထောက်ဦးတင်က သူ၏ 'မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း'တွင် -

'သိုက်စာ ဆိုသည်မှာ မြှောက်စာ၊ ချောက်စာ ဟူ၍ မှတ်ယူရမည်။ သိုက်စာရေးနည်းမှာ လိုရာအကြောင်းတစ်ခုကို အစွဲပြုပြီး ရှိပြီးသော အကြောင်းများကို ရေးသားဖော်ပြလျှင် တွေ့မြင်သူ လူအများတို့ သို့လော သို့လော တွေးတောယုံမှားကြခြင်း၊ လိုက်နာကြခြင်း ပေါ်လာတတ်သည်မှာ ဓမ္မတာပင် ဖြစ်သည်။ သိုက်စာရေးပုံမှာ လွန်စွာ ခက်ခဲသည် မဟုတ်။ အရစ်၊ အပင့်၊ အသတ်၊ အလတ် ၊ စာစပ်နည်းကို နားလည်သူဖြစ်ကမူ လွယ်ကူစွာ သိုက်စာဖြစ်အောင် ရေးနိုင်သည်။' ဟု မှတ်ချက်ချခဲ့သည်။

ပုဂံခေတ်ကပင် သိုက်စာများ ပေါ်ခဲ့ပြီဟု ယူဆရသည်။ ထီးလှိုင်မင်း (ကျန်စစ်သား)သည် အနော်ရထာ၏သား မဟုတ်၊ 'ငတေပါး'မင်း ဖြစ်၏

mgyoe.com

mgyoe.com

SAMPLE BOOK


(မင်းမျိုးမဟုတ်သောမင်း)။ သို့ဖြစ်၍ ၄င်းလက်ထက်ထိုးသော ကျောက်စာများတွင် သူ့ကိုယ်သူ အနော်ရထာမင်း၏သားဟု မရေးထိုးသော်လည်း သူ့ကို နယ်နယ်ရရ မမှတ်လေနှင့်။ အဖမှာ အာဒိစ္စဝံသ(နေမျိုး)နှင့် အမိမှာ ဝါး၌ သန္ဓေတည်သော အမျိုးမှ ဖြစ်သည်ဟု ရေးထိုးခဲ့သည်။ (ပြည်ရွှေဆံတော်ဘုရား မွန်ကျောက်စာပေါင်းချုပ်၊ ဦးချစ်သိန်း၊ ၁၉၆၅၊ အပိုင်း ၂ ။စာ ၄၅)

'ဂေါတမဘုရားရှင်က ဗျာဒိတ်တော် ထားတော်မူသည်။ ငါ့လက်ထက် ယခုရှိသည့် ဗိဿနိုးရသေ့ သရေခေတ္တရာမြို့ကို တည်မည်။ သေလျှင် ဗြဟ္မာ့ပြည်လားမည်။ နောင် ငါမရှိသည့် နောက်အနှစ် ၁၆၃၀ ကြာသည့်အခါ ပုဂံပြည်တွင် ကျန်စစ်သားမင်းကြီး ဖြစ်လိမ့်မည်' (ကျန်စစ်မင်းအတ္ထုပ္ပတ္တိကျောက်စာ၊ စာမျက်နှာ ၄င်းစာ ၈ ) ဟု ရေးထိုးခဲ့သည်။

မြကန်ကျောက်စာတွင် ကျန်စစ်မင်းကြီးက တစ်ဆင့်တိုး၍ ပြောလာပြန်သည်။ သူသည် ကဿပဘုရားလက်ထက် ကုဋေ ၈၀ ကြွယ်ဝသော သူဌေး ဖြစ်သည်။ ထိုသူဌေးသေသော် ပါဋလိပုတ်ပြည်၌ မင်းမျိုး ဖြစ်ခဲ့၏။ ထိုမှ တစ်ဖန် ယောဓပြည်၌ ရာမမင်းမျိုး ဖြစ်ပြန်သည်။ ၄င်းမှ တစ်ဖန် ဂေါတမဘုရားရှင်လက်ထက်တွင် ဗိဿနိုးရသေ့ဖြစ်ပြီး သရေခေတ္တရာပြည်ကို တည်ထောင်သည်။ (၄င်းစာ- ၄၁)

ဤကဲ့သို့ ရေးထားသည့် သူ၏ အတ္ထုပ္ပတ္တိကို အများသူငါ သိစေချင်၍ မွန်ဘာသာနှင့် ရေးထိုးသည့် ကျောက်စာတိုင်များ ပြုလုပ်ထားခဲ့သည်။ ထိုကျောက်စာတိုင်မျိုး ၁၂ တိုင် တွေ့ထားသည်ဟု စာရေးသူ သိရသည်။ (ယခု ဤစာရေးနေသည့် အချိန်တွင် နောက်ထပ် တိုင်ပေါင်း မည်မျှ တွေ့သည်ကို မပြောနိုင်ပါ။)

ပုဂံပြည် နရသီဟပတေ့ (ခရစ်နှစ် ၁၂၅၄-၈၇)လက်ထက်တွင်-

'ဤစေတီပြီးလျှင် ပုဂံပြည် ထောင်းထောင်းညက်လတ္တံ့' ဟူသော သိုက်စာပေါ်သည်။ ထိုစဉ်က တရုတ်များ ပုဂံပြည်ကို မကျူးကျော်သေးပေ။ ဘုရင်သည် သိုက်စာကို ယုံကြည် ကြောက်ရွံ့သဖြင့် စေတီကြီးငယ် အုတ်ကျောင်းတို့ကို ဖျက်၍ အပြင်မြို့ရိုးအဖြစ် ကာသည်။ ထိုအခါ 'ပုဂံပြည်တွင် သားမြွာလက်ထက် တရုတ်ဖျက်၍ ပျက်လတ္တံ့' ဟူသော သိုက်စာ ပေါ်လာသည် ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK


ထို့နောက် ဆက်၍ ပေါ်လာသော သိုက်စာမှာ -

'မိဖုရားကြီးကိုသတ်၊ မိဖုရားလတ်မှာ သားမြွာဖွား ၊ ဘုရားကြီးလည်းပြီး ၊ ပြည်ကြီးလည်းပျက်၊ အသက်မသေ ဖြစ်လိုချေမှု ၊ ရေစီးရာသို့စုန်၊ ရန်သူပုန်ပြန်မှ လာ၊ ချမ်းသာခွင့်ရလိမ့်မည် 'ဟူသော သိုက်စာ ဖြစ်သည်။

ဤသိုက်စာကို ရှင်ဘုရင် ကြားသိသောအခါ မိဖုရားကြီးကိုသတ် ဆိုရာ၌ မိဖုရားစောလုံ (ဘုရင်အား အဆိပ်ခတ်၍ ကြံစည်သူ)ကို သံကွန်ချာတွင် ထည့်၍ အရှင်လတ်လတ် မီးရှို့သတ်ပြီးပြီ။ သို့သော် ငါ့မှာ သားမြွာဖွားသော မိဖုရားမရှိ ဟူ၍ ငြင်းသည်။ ယင်းကဲ့သို့ သားမြွာ ဖွားသည်ကို ရှင်ဘုရင် မသိသော်လည်း မှူးမတ်များသိ၍ ယုတ္တိတန်အောင် သိုက်စာရေးခြင်း ဖြစ်သည်။ သိုက်စာပါ စကားများတွင် မိဖုရားကိုသတ်ဆိုသည်မှာလည်း အမှန်၊ ဘုရားကြီး ပြီးသည် ဆိုသည်မှာလည်း အမှန်၊ ရန်သူ လာသည် ဆိုသည်မှာလည်း အမှန်ချည်း ဖြစ်သည်။ ရေစီးရာသို့ စုန်၊ ရန်သူပုန်ပြန်မှလာ ဆိုသော စကားအရှုမှာ သဘောထားအလျောက် ထောက်ချင့်၍ ရေးသားခြင်း ဖြစ်သည်။

မိဖုရားများထံ စုံစမ်းရာ သားမြွာဖွားသော မိဖုရားငယ်တစ်ပါး ပေါ်ပေါက်တွေ့ရှိသည်။ မင်းကြီးသည် စေတီကြီးငယ် အုတ်ကျောင်းတို့ကို ဖျက်၍ အပြင်မြို့ရိုးအဖြစ် ကာသည့် စီမံချက်ကို ပြင်ပြီး ပုသိမ်သို့ စုန်ပြေးသည်။ တရုတ်စစ်သည်များ ပုဂံမှ ပြန်ကြပြီဟု ကြားသည့် အခါ ပုဂံသို့ ပြန်လာရန် စီမံသည်။ မှူးမတ်များနှင့် မိဖုရားဖွားစောတို့က မကြိုက်၍ ပုသိမ်မှ အပြန် ပြည်မြို့တွင် အဆိပ်သင့်စေပြီး နတ်ရွာစံရသည်။ ဤသည်ကို ရည်၍-

'စလေငခွေး၊ 'မင်းခွေးချေး၊ လူရေးပျက်တော့သည်' ဟူ၍ ကဝိလက္ခဏာသတ်ပုံတွင် စပ်ဆိုသည်။

ထိုမင်းကို တရုတ်ပြေးမင်း ဟူ၍ လည်းကောင်း၊ မင်းခွေးချေး ဟူ၍ လည်းကောင်း၊ နရသီဟပတေ့ ဟူ၍ လည်းကောင်း ခေါ်ကြသည်။

တောင်ငူခေတ်-တပင်ရွှေထီးမင်းလက်ထက်တွင်လည်း သိုက်စာများ ပေါ်သည်။ ကုန်းဘောင်ခေတ်တွင် သိုက်စာ အများဆုံးပေါ်ခဲ့၏။ သိုက်စာများ သည် လူမျိုးတို့၏ ရိုးရာဓလေ့ ယုံကြည်မှု၊ ယဉ်ကျေးမှုသမိုင်းများနှင့် ဆက်နွှယ် နေသည်။ မနုဿဗေဒရှုထောင့်မှ ကြည့်လျှင် အလွန် အရေးကြီးပါသည်။

သိုက်စာအမျိုးမျိုး ရှိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK


၁။ဗျာဒိတ်တော်သိုက်စာ
၂။ဘုရားသိုက်စာ
၃။ဂဝံပတေ့သိုက်စာ
၄။ငမှန်ကန်သိုက်စာ
၅။ဇာဂရုသိုက်စာ
၆။နတ်စက်ရောင်သိုက်စာ
၇။သိကြားသိုက်စာ
၈။ရွှေတိဂုံသိုက်စာ
၉။ဘုမ္မိသိုက်စာ
၁၀။အင်းဝသိုက်စာ
၁၁။သာသနာသိုက်စာ
၁၂။ရဟန္တာသိုက်စာ
၁၃။တောင်ငူသိုက်စာ
၁၄။ဟံသာဝတီဆင်ဖြူများရှင်အရေးတော်ပုံသိုက်စာများ
၁၅။လောကုတ္တရာသိုက်စာ
၁၆။အိပ်မက်ရသိုက်စာ
၁၇။ကုန်းဘောင်သိုက်စာ
၁၈။မန္တလေးသိုက်စာ ဟူ၍ ဖြစ်ပါသည်။

## ကပိလရသေ့နှင့် ပတ်သက်သောအကြောင်းအရာ

ဗျာဒိတ်တော်သိုက်စာ ဆိုသည်မှာ ကောသလမင်းကြီး၏ အိပ်မက် ၁၆ ချက် ဖြစ်ပါသည်။ ဧကနိပါတ် မဟာဝိသုနဇာတ်တော်တွင် ပါသည်။ ဘုရားသိုက်စာမှာ‘ဗုဒ္ဓဘုရားသခင်’၏ ဗျာဒိတ် ဟူ၍ ထီးလိုင်မင်း(ကျွန်စစ်သား) နှင့် နန်းတွင်း အကြိပေးပညာရှိတို့က ပုဂံခေတ်တွင် ဖန်တီးခဲ့သောစာ ဟူ၍ ယူဆခဲ့သည်။ ဗုဒ္ဓဘုရားက ‘နောင်အခါ မည်ကဲ့သို့ ဖြစ်လိမ့်မည်’ ဟု ဟောတော်မူလေဟန် ရေးသားထားချက်များ ဖြစ်သည်။

အထက်က ရေးခဲ့သည့် သိုက်စာအခန်းတွင် ထီးလိုင်မင်း(ကျွန်စစ်သား) မည်ကဲ့သို့ ရေးခဲ့သည့် အကြောင်းများကို ဖော်ပြပြီးပြီ။

mgyoe.com

mgyoe.com SAMPLE BOOK


ဂဝံပတော့သိုက်စာ ဆိုသည်မှာ မွန်ရဟန်္တာဂဝံပတေ့ နိမိတ်ဖတ်ခဲ့သော အကြောင်းအရာများ ဖြစ်သည်။ ဗဒုံမင်း လက်ထက်မှ အဖြစ်အပျက်များ ပါဝင်သည်။

ငမှန်ကန်သိုက်စာကို တွေ့ရသမျှသိုက်စာများတွင် အစောဆုံး သိုက်စာ ဟု ထင်ရကြောင်း ရေးကြသည်။ သက္ကရာဇ် ၈၃၈ ရေး သခင်ထွေး ချေင်းတွင် ငမှန်ကန်သိုက်စာအကြောင်း သဲလွန်စ တွေ့ရသည်။

'နန်းဆက်ခန္ဓာ ၊ ရှည်မြင့်ကြာမူ ၊ ဆရာငမှန် ၊ သိုက်တိုင်းကန်လျက်' ဟု ဆိုထားပါသည်။ ငမှန်ကန် ဆိုသူ ပြောခဲ့သည့် အကြောင်းအရာများ ဖြစ်သည်။

ဇာဂရုသိုက်စာ ဆိုသည်မှာ သာလွန်မင်း (၁၆၂၉-၄၈) လက်ထက် တော် နန်းတွင်း ဗြာဟ္မဏပညာရှိ ဇာဂရု ပြောခဲ့သည့် အကြောင်းအရာများ ဖြစ်သည်။

နတ်စက်ရောင်သိုက်စာ ဆိုသည်ကမူ ဘုရင် မင်းရဲကျော်ထင် (၁၆၇၃-၉၈) လက်ထက်တော် စစ်ကိုင်းမှ နတ်စက်ရောင်ဆရာတော်က ဇာဂရုသိုက်စာများကို ဖြည့်စွက်ပေးသော အကြောင်းအရာများ ဖြစ်သည်။

သိကြားသိုက်စာ ဆိုသည်မှာ သိကြားမင်း ပြောလေဟန် အကြောင်းအရာများ ဖြစ်၏။ ခရစ်နှစ် ၁၇၅၁ မှ စ၍ ပေါ်ပေါက်လာသည်။ ဗဒုံမင်းလက်ထက်တော်မှ အဖြစ်အပျက်များ ပါဝင်၏။

ရွှေတိဂုံသိုက်စာ ဆိုသည်ကမူ ဗုဒ္ဓဘုရား၏ သတိပေးချက်များအနေဖြင့် အမည်မသိသူများက ဆိုလေဟန် ရွှေတိဂုံစေတီတော်နှင့် ပတ်သက်သည့် အကြောင်းအရာများ ဖြစ်သည်။

ဘုမ္မိသိုက်စာ ဆိုသည်မှာ ဘုမ္မိသိုက်စာကို ဘုမ္မိယသိုက်စာ ဟုလည်း ခေါ်သည်။ မြေနှင့် ပတ်သက်၍ ဖော်ပြသော အကြောင်းအရာများ ဖြစ်သည်။

အင်းဝသိုက်စာ ဆိုသည် အလောင်းမင်းတရား ဒဂုံမြို့ကို ရန်ကုန်ဟု အမည်ပြောင်းပြီးမှ ရေးပုံရသည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန် ဟူသော ဝေါဟာရအသစ် ပါနေ၍ ဖြစ်၏။

'လူမျိုးဆိတ်ကုန်၊ မြို့ရန်ကုန်က၊ လူပုံအညာဆန်လတ္တံ့' ဟူ၍ ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


သာသနာသိုက်စာ ဆိုသည်မှာ ဗုဒ္ဓသာသနာတော်နှင့် လည်းကောင်း၊ ကုန်းဘောင်မင်းဆက်နှင့် လည်းကောင်း ပတ်သက်သည့် သိုက်စာ ဖြစ်သည်။

ဥပမာ - ဆင်၊ ကြက်တူရွေး၊ ကြွက်နှင့် ကျီးတို့သည် ဂေါတမဘုရားရှင်အား လာရောက်ဖူးမြော်ကြရာ ဘုရားရှင်က ထိုသတ္တဝါများသည် လူပြန်ဖြစ်၍ မင်းဖြစ်ကြမည်ဟု ဗျာဒိတ်ပေးခဲ့သည် ဆို၏။

ဆင်သည် မင်းတုန်းမင်း ဖြစ်လာသည်။ ကြက်တူရွေးသည် ဝိတိုရိယဘုရင်မကြီး ဖြစ်လာသည်။ ကြွက်သည် ရုရှားမှ ဇာဘုရင် ဖြစ်လာသည်။ ကျီးသည် အလောင်းမင်းတရားကြီး ဖြစ်လာသည် ဟူ၏။ (ဦးစော၏ အောင်ဗေဒျ၊ စာမျက်နှာ ၄၆-၄၇)

ရဟန္တာသိုက်စာ ဆိုသည်မှာ ဘုရားသာသနာတော်မှ ရဟန္တာများကြိုတင် ဟောပြောသည့် အချက်များ ပါဝင်သည်။

တောင်ငူသိုက်စာဟောင်း ဆိုသည်ကမူ တောင်ငူခေတ် မင်းကြီးညို (ခရစ်နှစ် ၁၄၈၆-၁၅၃၁) လက်ထက်မှ သိုက်စာဟောင်းများကို ဆိုလိုသည်။ ဟံသာဝတီဆင်ဖြူများရှင် ဆိုသည်ကမူ ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး (၁၅၅၁ - ၈၁) လက်ထက်တော်မှ သိုက်စာ အကြောင်းအရာများ ဖြစ်သည်။ စစ်ရေးစစ်ရာ တပ်မတော်အောင်နိုင်မှုများကို ကြိုတင်ဖော်ပြချက်များ ဖြစ်သည်ဟု သိရ၏။

လောကုတ္တရာသိုက်စာ ဆိုသည်မှာ ၁၇ ရာစုတွင် တောင်ငူ ဒုတိယလောကုတ္တရာစေတီဆရာတော်၏ ပြန်လည် ပြောဆိုချက်များ ဖြစ်သည်။

အိပ်မက်ရသိုက်စာ ဆိုသည်မှာ အိပ်မက်အရ သိရသော သိုက်စာများဖြစ်သည်။

ဥပမာ - မုံရွေးဆရာတော်မှတ်စုတွင် အလောင်းမင်းတရားကြီးလက်ထက်၌ သာထွန်းတိုက်ဆရာတော် အိပ်မက်မက်ကြောင်း၊ ၎င်းအိပ်မက်တွင် အဘိုးအိုတစ်ဦးက ရွှေတန်ဆာဘုရားအတွင်းတွင် ကြေးနီပုရပိုက်ရှိသည်ဟု ပြောသဖြင့် ဗဒုံမင်းအား လျှောက်ထားရာ အိမ်ရှေ့ဥပရာဇာ၏ စာရေးတော်မောင်စကို ယူစေကြောင်း၊ ၎င်းကြေးနီပုရပိုက်တွင် သိုက်စာများ ရေးထားသည်ကို ရွှေနန်းစဉ်ဆက် မှတ်သားထားသည့် အကြောင်းကို ဆိုလိုပါသည်။

ကုန်းဘောင်သိုက်စာ ဆိုသည်မှာ ကုန်းဘောင် မင်းဆက်တို့နှင့်

mgyoe.com

ပတ်သက်၍ တင်ကြို ခန့်မှန်းထားချက်များ ဖြစ်သည်။

မန္တလေးသိုက်စာ ဆိုသည်ကမူ မန္တလေးရွှေမြို့တော် တည်ပြီး နောက် မင်းပေါင်း ၄၄ ဆက်စိုးစံရမည်ဟု ဆိုထားခြင်း ဖြစ်သည်။ (သို့ရာတွင် မင်းနှစ်ဆက်သာ စိုးစံသွားရသည်။)

အထက်ပါ သိုက်စာ ၁၈ မျိုးတို့အပြင် ပျောက်ကွယ်သွား၍ အမည်နာမသာ တွေ့ရသော သိုက်စာများ ရှိသေးသည်။

၄င်းတို့မှာ-

၁။ သီဟိုဠ်သိုက်စာ

၂။ ရွှေကြာအင်းသိုက်စာ

၃။ ကျောက်စာဝန် ဦးမြ သိုက်စာ

၄။ ခေတ်သစ်သိုက်စာများ ဖြစ်၏။

အခြား သိုက်စာများလည်း ရှိပါဦးမည်။ ရှာဖွေဖော်ထုတ်သင့်ကြပါသည်။

သိုက်စာပါ အကြောင်းအရာနှင့် ပတ်သက်၍ ဖြစ်ပြီးမှ မကိုက်ညီသဖြင့် မကိုက် ကိုက်အောင်၊ မမှန် မှန်အောင် ပြန်ရေး၍ယူသည့် သိုက်စာမျိုးလည်း ရှိသည်။ မင်းတုန်းမင်းတရား နန်းတက်စမှာ ဖြစ်၏။ အလောင်းမင်းတရားကြီး၏ ကုန်းဘောင်မင်းဆက်သည် 'ကုန်းဘောင်သိုက်စာ' အရ ၁၅ ဆက် ရှိသည်ဟု ဆို၏။

'သစ္စာအကျင့်မှန်၊ ကူးသည့်လသကြံန်၊ တမံ အစောင့်ထား၊ မုဆိုးတစ်ကျိပ်ငါး'

အထက်ပါ သိုက်စာအရ ကုန်းဘောင်မင်းများ၏ မွေးနေ့အစဉ်အတိုင်း စီစဉ်လိုက်လျှင် -

'၆ - ၃ - ၁ - ၂ - ၅ - ၂ - ၆ -၄- ၆ -၂ -၀ -၅ - ၁ - ၃ - ၀'ဟု ရ၏။

ဤတွင် မင်းတုန်းမင်း (အင်္ဂါသား) နန်းတက်လိုက်သောအခါ လသကြံန်နေရာတွင် ၄-၆-၂ ဖြစ်ရမည့် အစား ၄-၆-၃ ဖြစ်သွားပေရာ သိုက်စာနှင့် မကိုက် ကိုက်အောင် 'လသကြံန်' နေရာတွင် 'လသင်းဒံ'ဟု ပြင်ကြရသည် ဆိုပါသည်။ သို့ဖြစ်၍ သိုက်စာ ဆိုသည်မှာ လိုသလို ဖန်တီး

mgyoe.com

mgyoe.com  SAMPLE BOOK 

ရေးယူသည့်စာ ဖြစ်သည်ဟု ဆိုကာ အချို့က ပြက်ရယ်ပြုကြခြင်း ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်၍ မိုးဂျာနယ် အမှတ်(၁၀)ဒီဇင်ဘာ ၂၀၀၄ တွင် ဖော်ပြထားသော ဒေါက်တာသန်းထွန်း၏ 'မြန်မာ့သမိုင်းတွင် လောကီပညာအရေးပါပုံ' ဆောင်းပါးမှ ဗဒုံမင်းခေတ်ဆိုင်ရာ သိုက်စာများ အချို့ကို ဖော်ပြလိုက်ပါသည်။

သက္ကရာဇ် ၁၁၄၃ -

ကြွက်က ကျားနေရာရောက်၊ ကျီးက ကျားနေရာယူ၊ တောင်းကို ကြွက်တက်၊ ကာကာ နန်းတက်။

သက္ကရာဇ် ၁၁၄၄-

ဘုန်းကြီးသည့်မင်း၊ မြို့ဟောင်းစွန့်၍ မြို့သစ်တည် ၊ အဝရှေ့ပြည် အဆုံးသတ်။

သက္ကရာဇ် ၁၁၄၆-

ညောဝတီက သံတွဲထိ ၊ ရခိုင်ပျက်မည်၊ နက္ခတ်ပြောင်း၍ ရခိုင်ကျွန်ချင်၊ ရန်ကုန်မည်။ ဘုရားလောင်းမင်းမို့ မစိုးရိမ်သင့်။

သက္ကရာဇ် ၁၁၄၇-

ကျီးမင်း စစ်ကြီးချီအံ့ ၊ ဗုဒ္ဓရုပ်ပွားတော်ကိုရွှေ့၊ ရွှေမြို့သာယာကို ပင့်လာလတ္တံ့။

သက္ကရာဇ် ၁၁၄၈-

ဧယျာဝတ္ထုနှင့် ရာမညကြား အရိုးတောင်လို ပုံအံ့၊ မင်းနဲ့ စော်ဘွား ရန်စစ်များ၍ အမှုုအမတ်တို့ သေကျေပျက်စီးအံ့။

သက္ကရာဇ် ၁၁၅၀-

ကျီးမင်းနေပြည်တော်မှာ မီးနိပ်စက်၍ လူအများ ဒုက္ခရောက်အံ့။ ဒုက္ခအဆုံးအစမရှိ။

သက္ကရာဇ် ၁၁၅၁-

ကျီးမင်းနိုင်ငံ မီးကြီးလောင်အံ့၊ လူအများ ကြောက်ရွံ့၍ မင်းထံ မချဉ်းမကပ်နေကြအံ့။

သက္ကရာဇ် ၁၁၅၂-

ကျီးမင်း မြောက်သို့သွားပြီး ဗေဒင်အလိုအရ ကျရောက်မည့်

mgyoe.com

mgyoe.com

အန္တရာယ်ကို ပယ်ရှားအံ့။ လူအများ တိမ်းရှောင်ပြေးပုန်းကြအံ့။

သက္ကရာဇ် ၁၁၅၃-

ဓေယျဝမ္မပြည်မှာ ဒွါရာဝတီ ယိုးဒယားမင်း ပန်းညိုကို ဆက်၍ သေဆုံးလတ္တံ့။

သက္ကရာဇ် ၁၁၅၅-

ယခုမှ နောက် ၇၇ နှစ် ကြာသည့်အခါ လူတွေ တစ်ဦးကို တစ်ဦး မလိုမုန်းထားရှိကြ၍ အစာရေစာ ဆွံ့ရှားအံ့၊ ကောင်းချိန် မကြာ အညံ့က သာသည်။ မြို့ရွာအများ ပျက်စီးအံ့။

သက္ကရာဇ် ၁၁၅၇-

ကျားမင်း နန်းလုအံ့ ဟုပြောပါများလတ္တံ့၊ ထိုနှစ် လူအများ ဘေးသင့်အံ့။

သက္ကရာဇ် ၁၁၅၈-

ကျားမင်းကို အနိ်တုသူပင် နစ်နာပျက်စီးအံ့၊ လူမိုက်က ဘုရင်ကို အနိ်တုအံ့၊ ဘုရင်နန်းသက်ရှည်လတ္တံ့။

သက္ကရာဇ် ၁၁၅၉-

ကြီးမင်းကို လူမိုက်သား ဆန့်ကျင်အံ့၊ ဆန့်ကျင်သူ ပျက်စီးအံ့၊ ကတိပျက်ကွက်၍ သတ်ပုတ်တိုက်ခိုက်ခြင်းများအံ့။

သက္ကရာဇ် ၁၁၆၀-

ကောက်ကျစ်ဆိုးသွမ်းသည်ကို လျစ်လျူပြုအံ့၊ လူအချင်းချင်း သတ်ဖြတ်ကြလတ္တံ့။

သက္ကရာဇ် ၁၁၆၁-

ဘုရင့်အလိုတော်ကျ ပြည်သူတို့ မလိုက်နာ၊ သူပုန်သူကန်များလတ္တံ့။

သက္ကရာဇ် ၁၁၆၂-

ဘုရင်ဘိသိက်ခံအံ့၊ ပိဋကနှင့်ဗေဒင်တို့ ပျောက်ကွယ်အံ့၊ ဆင်ဖြူတော် မရလတ္တံ့၊ မင်းကိုယ်တိုင် လက်နက်စွဲကိုင်ပြီးမှ မိမိအတွက် အန္တရာယ်ကင်းအောင် ခိုလှုံရာနေရာ ရှာလတ္တံ့။

သက္ကရာဇ် ၁၁၆၃-

မိန်းမငယ်များ အဝတ် မလုံ့တလုံနှင့် လမ်းသွား ရှောင်းဝယ်ဖောက်ကား အံ့ ။

သက္ကရာဇ် ၁၁၆၄-

mgyoe.com

mgyoe.com


မွန်နှင့်ရှမ်းကြား လူအများသေအံ့၊ သွေးချောင်းစီးအံ့၊ မြို့သစ်တည်အံ့။

သက္ကရာဇ် ၁၁၆၅-

ရှင်ဘုရင်က ဤသူများကို အုပ်စုသုံးစု ခွဲလတ္တံ့၊ မွန်တို့ စိတ်နာ၍ ပုန်စားပုန်ကန်ပြုအံ့။

သက္ကရာဇ် ၁၁၆၆-

ရှင်ဘုရင်၏ အမအစခံ၍ ပြည်သူတို့ ဝမ်းမြောက်ဝမ်းသာဖြစ်အံ့၊ ရှင်ဘုရင် နတ်ရွာစံလတ္တံ့၊ ရန်အပေါင်းက ကင်းလွတ်စေရန်၊ လူတို့ သုံးစုခွဲ၍ လုံခြုံရေးကို ဆောင်ရွက်အံ့။

သက္ကရာဇ် ၁၁၆၇-

ပြည်ရွာချောက်ချား၍ ပြည်သူတို့ မိဘ သားသမီး တကွဲတပြားဖြစ်အံ့၊ တပ်သားများ ဈေးအရပ်မှာ ဝင်ရောက် မွှေနှောက်၍ အားလုံးပျက်စီးဆုံးရှုံးအံ့။

သက္ကရာဇ် ၁၁၆၈-

ရှင်ဘုရင်ကို ဆင်ဖြူ တောင်အရပ်မှ ဆက်လာအံ့။ ချစ်သည့်မယားသေအံ့။

သက္ကရာဇ် ၁၁၆၉-

လူတို့ တစ်ဦးကို တစ်ဦး မလိုမုန်းထားများအံ့။ ပြည်ရွာများစွာချောက်ချားအံ့။

သက္ကရာဇ် ၁၁၇၀-

ရောဂန္တရကပ်ဆိုက်ရောက်အံ့။ ဒုဗ္ဘိက္ခန္တရကပ်ဆိုက်ရောက်အံ့။ သတ္တန္တရကပ်ဆိုက်ရောက်အံ့။ ကပ်ကြီးသုံးပါးအတွင်း အိမ်ရှေ့မင်း ပျက်စီးအံ့။

သက္ကရာဇ် ၁၁၇၁-

မြန်မာမင်းနေပြည်တော် မီးလောင်ပြီး ပြာအတိ ဖြစ်အံ့။ အများသင့်တင့် ညီညွတ်အောင် အိမ်ရှေ့မင်းသစ်ရွေး အပြိုင်အဆိုင်ပေါ်အံ့။

သက္ကရာဇ် ၁၁၇၄-

သူ့အိုတို့ကို သားသမီးများက ပစ်ထား၊ ပြည်ရွာ မငြိမ်မသက်ရှိအံ့။ အထက်က ဖော်ပြသည့် သိုက်စာများမှာ မြန်မာမင်းတို့အတွက်

mgyoe.com

mgyoe.com

SAMPLE BOOK


ရှေ့ဖြစ်ကို ဖော်ပြသည့် လမ်းပြရှိပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုအညွှန်းများက မင်းအပေါ် များစွာ ဩဇာသက်ရောက်ခဲ့သည်ဟု ဒေါက်တာ သန်းထွန်းက ဆိုပါသည်။

မြန်မာတို့၏ လောကီပညာတွင် ရှေးခေတ်က မှုခင်းဆိုင်ရာ လောကီပညာဟု ရှိသေးသည်။ တရားလို၊ တရားခံနှင့် နှစ်ဖက်သက်သေများကို ကျမ်းသစ္စာဆိုခိုင်းရာ အမှုနှင့် ပတ်သက်သူများ ဆိုရသည့် သစ္စာတော်ကျမ်းတွင် လောကီအစီအရင်များ ပါသည်ကို တွေ့ရသည်။ တရားသူကြီးများလည်း သစ္စာတော်ကျမ်းကျိန်ရသည်ကို တွေ့ရ၏။

'ဂတိမလိုက် ဆုံးဖြတ်စီရင်ပါမည် ။ ယခု ကျိန်ဆိုချက်အတိုင်း မှန်ပါလျှင် သစ္စာတော်ကျမ်းတွင်ပါသည့် မကောင်းကျိုးအပေါင်းမှ ကင်းလွတ်၍ ကောင်းကျိုးမျက်မှောက် ရောက်သည် ဖြစ်စေသော်'ဟု ဆိုရ၏။ 'အမှုတွင် ဂတိလိုက်ပြီးဆုံးဖြတ်လျှင် ကျိန်စာသင့်ပါစေ'ဟု မဆိုရဘဲ 'မှန်မှန်ကန်ကန် ဆုံးဖြတ်လျှင် ကျိန်စာကင်းလွတ်ပြီး ကောင်းကျိုးရပါလို၏'ဟု ဆိုရသည်ကို သတိပြုသင့်သည်။

သက်သေမရှိသည့် အမှုဖြစ်လျှင် လောကီအစီအရင်ကိုပင် အားကိုးရပြန်၏။ ဤအမှုမျိုးတွင် ကမ္ဘာလေးရပ်မှ တစ်ရပ်ရပ်ကို စီရင်ရသည်ဟုဆိုသည်။

၁။ ရေလား(ရေပြိုင်)

၂။ မီးထွန်း (မီးပြိုင်)

၃။ ဆန်ဝါး

၄။ ခဲထောက် စသည်တို့ကို ကမ္ဘာလေးရပ်ဟု ခေါ်ပါသည်။

ရေလား(ရေပြိုင်)- ဟံသာဝတီဆင်ဖြူများရှင်သည် ရှမ်းပြည်နယ်သို့ စစ်ထွက်စဉ်က ညောင်ရမ်းတွင် မိန်းမငယ်တစ်ဦးနှင့် ခေတ္တခဏ ပေါင်းသင်းဖူးသည်။ မှတ်တမ်းရေးသူက အောက်ပါအတိုင်း ရေးသားခဲ့သည်။

'သတို့သမီးတစ်ယောက်ကို မြင်တော်မူ၍ တိမ်းတပ်တော်မူသည်နှင့် အပါးတော်တွင် စေပါးတော်မူရာ အငြိအစွန်းရှိသည်ကို သိ၍ သမီးမွေးမြင်မူ ပေးထားသည့်လက်စွပ်ကို ရောင်းချစားသောက် မွေးမြူလေတော့၊ သားမွေးမြူလျှင် သားငယ်ကိုယူ၍ လာခဲ့'ဟု မိန့်မှာတော်မူသည်။

(မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း စတုတ္ထပိုဒ် ၅၂၂ စာ ၂၇၆ )

mgyoe.com

mgyee.com

SAMPLE BOOK


ညောင်ရမ်းသူ မိန်းမငယ်သည် ဟံသာဝတီနန်းသို့ သားပိုက်၍ ရောက်လာသည်။ ဘုရင်အား သား၏ဖခင်ဖြစ်သည်ဟု စွပ်စွဲသည်။ ဗညား ဒလက ဤအမှုကိုလက်ခံပြီး "ရေပြိုင်စေ"ဟု ဆိုသည်။ အရှင်နှင့်ကျွန်ဖြစ်၍ မိန်းမငယ်၏လည်တွင် အဓိဋ္ဌာန်စာ ရေးထားသောစာခွေကို စွပ်ရသည်။ အဓိဋ္ဌာန်စာ ဆိုသည်က 'မဟုတ်မမှန် ဆိုမိလျှင် နတ်များနှိုးဆော်ပြီး မိကျောင်း လင်းပိုင်၊ ကြီးခိုင်ခွန်အား၊ နဂါးမြွေကြီး၊ ဆည်း၍ဟပ်မျို၊ ထိုထိုအများ၊ လိပ်ငါးမကန်း၊ ငါးမန်းငါးဆင်၊ အလျင်တဆော၊ သော့သော့ လည်အုံ၊ စားထုံလုယက်၊ သွေးသားပျက်၍၊ အသက်ခန္ဓာ၊ ခုမကြာလျှင်၊ ငါလည်းမနေ၊ သေစေ'ဆိုသည်မျိုး ရေးထားသည့်စာ ဖြစ်၏။

ဆေးဝါး၊ မန္တန်၊ လက်ဖွဲ့ စသည်တို့ ပါးစပ်ထဲတွင် ငုံထား၊ မထား၊ ကိုယ်လက် တစ်နေရာရာတွင် ချည်ထား၊ မထား ဆိုသည်များကိုလည်း စစ်ဆေးရ၏။ ပြီးမှ ရေငုပ်ရန် ရေထဲသို့ ဆင်းစေသည်။ ရှင်ဘုရင်မှာ အစွပ်စွဲ ခံရသူ ဖြစ်နေသဖြင့် အဓိဋ္ဌာန်စာလည်း လည်၌ မဆွဲရပါ။ ဆေးဝါး၊ မန္တန်၊ လက်ဖွဲ့ ဆောင်ထား၊ မထားလည်း မစစ်ဝံ့ပါ။ ရွှေအင်တုံထဲမှာ ရေတွင် မိန်းမငယ်က နှာခေါင်းမြုပ်အောင် နှစ်စေ။ ရှင်ဘုရင်ကမူ ခြေမတော်ကို ရေမှာ နှစ်စေဟု တရားသူကြီးက ဆိုသည်။ ပြောတိုင်း လုပ်ကြရ၏။

'ငါးခူကိုက်သကဲ့သို့ ထင်တော်မူ၍ ခြေမတော်ကို နုတ်သိမ်းလျှင်' ဟု ဆိုသဖြင့် ရေပြိုင်ပွဲတွင် ဘုရင်ရှုံးကာ ညောင်ရမ်းသူ အနိုင်ရရှိလေသည်။ ထိုမိန်းမငယ်ကို နန်းတင်ရသည်။ သားကြီးကို 'ရှင်ဦးပုတ်' ဟု မှည့်၏။ နောင်မွေးသော သားငယ်ကို သစ္စာဆိုပြီး ရေငုပ်တရားယှဉ်ပြိုင်ပြီးမှ ရသည့် သားဖြစ်၍ 'မောင်သစ္စာ'ဟု မှည့်ခဲ့သည်။ ထိုမောင်သစ္စာသည် အဝဒုတိယ မင်းဆက်ကို တည်ထောင်သော 'ညောင်ရမ်းမင်းတရား' ဖြစ်လာပါသည်။ ရေငုပ်တရားစီရင်ပုံကို ပုဂံခေတ်မှစပြီး အထောက်အထား တွေ့ရပါသည်။

**မီးထွန်း(မီးပြိုင်)**- မီးပြိုင်ပုံ ဆိုသည်ကိုလည်း သိရန် လိုသည်။ တရားလို၊ တရားခံနှစ်ဦး ဘုရားရင်ပြင်သို့ သွားပြီး နတ်ပူဇော်ရသည်ဆို၏။ တရားလိုက စွဲချက်ကို စာနှင့် ရေးရသည်။ တရားခံလည်း ငြင်းပယ်ချက်ကို စာနှင့် ရေးရသည်။ ထိုစာများကို အသီးသီး လည်၌ ဆွဲရ၏။ ထိုနောက် အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များ ဆောင်ထား၊မထား ရှာဖွေစစ်ဆေးသည်ကို

mgyee.com

ခံရသည်။

(ဆောင်ထားက ထိုအင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များ အစွမ်းကြောင့် အမှန်သို့ မရောက်ဟု ယူဆသည်။)

လေငြိမ်သည့်နေရာတွင် ဆီမီးခွက်ထွန်းမည်လား၊ ဖယောင်းတိုင် ထွန်းမည်လားဟု ရွေးချယ် ဆုံးဖြတ်ရသည်။ ဖယောင်းတိုင်ကို ရွေးလျှင် ဖယောင်းငါးမူးသား၊ မီးစာတစ်ပဲသား၊ မီးလောင်၍ ဖယောင်းတိုင် အလျှင် မီးငြိမ်း ကုန်သည့်သူက တရားနိုင်သည်။ မီးငြိမ်းတူလျှင် မီးမလောင်ဘဲ ကုန်သမျှ မီးစာချင်း တိုင်းကြည့်ပြီး မီးစာရှည်ရှည်ကျန်သူက တရားရှုံးသည်။

ဆီမီးခွက်ချင်း ပြိုင်ထွန်းလျှင် တရားပြိုင်သူနှစ်ဦး၏ ပါးစပ်များထဲ၌ ရေတစ်ကျပ်သား ငုံစေရသည်။ မီးအလျှင်ငြိမ်းသူ ပါးစပ်ထဲမှရေကို ပြန်ထွေးစေပြီး ချိန်ကြည့်သည့်အခါ တစ်ကျပ်သား မလျော့လျှင် ထိုသူက တရားနိုင်သည်။ မီးပြိုင်တူ ငြိမ်းလျှင် ပါးစပ်ထဲမှ ရေကို ချိန်စေပြီး မလျော့သည့်လူက တရားနိုင်သည်။

ရာဇာသိပ္ပံသတ္တကျမ်းမှ ဗဒိုမင်း (ဘိုးတော်ဘုရား) လက်ထက် မီးပြိုင်သည့် အမှုတစ်ခုကို ဖော်ပြပါမည်။

ငလှဆိုသူထံ မိစံက ရွှေတစ်ဆယ်သား အပ်ထားရာ သက်သေ မရှိပါ။ အိမ်ရှေ့မင်းက တရားကို လက်ခံ စစ်ဆေးသည်။ ဆင်ကြို့ရွှေဂူဘုရားရင်ပြင်ပေါ် သို့ တရားလို၊ တရားခံများ ခေါ်လာပြီး မီးပြိုင်စေသည်။ တရားခံ ငလှ၏ ဖယောင်းတိုင် အရင်ငြိမ်းသည်။ မီးစာလက်ကျန် တစ်မူးသား ရှိသည်။ တရားလိုမိစံ၏ မီးစာမှာ သုံးမတ်သား ရှိသည်။ ငလှ တရားနိုင်၏။

ကမ္ဘာလေးရပ်စီရင်နည်းမှ ရေလား (ရေပြိုင်)၊ မီးထွန်း( မီးပြိုင် ) စီရင်နည်းများကို ဖော်ပြပြီးပြီ။ ဆန်ဝါးစီရင်နည်းကို ဖော်ပြရန် လိုသည်။

**ဆန်ဝါး** -ဆန်ဝါးမှာလည်း မီးပြိုင်မှာကဲ့သို့ အစပိုင်း လုပ်ရ၏။ တရားလို၊ တရားခံ တစ်ယောက်စီကို ဆန်းငါးမူးသားစီဝါးပြီး မျိုချခိုင်းသည်။ အရင်ဆုံးမျိုချနိုင်သူက တရားနိုင်၏။ တစ်ချိန်တည်း မျိုနိုင်ကြလျှင် ရေတစ်ခွက်စီ ငုံစေပြီး ရေကို ထွေးခိုင်းသည်။ ရေကြည်ကြည် ထွေးချနိုင်သူက နိုင်၏။

ရာဇာသိပ္ပံသတ္တကျမ်းမှ ဆန်ဝါးသည့် အမှုတစ်ခုကို ဖော်ပြပါမည်။ မိငြိမ်း ဆိုသူက ငလော ဆိုသူကို မုဒိမ်းမှုနှင့် အိမ်ရှေ့မင်းရုံးတော်၌ တရားစွဲ၏။

mgyoe.com

mgyee.com  SAMPLE BOOK 

ဆင်ကြို့ရွှေဂူဘုရားရင်ပြင်တော်တွင် ဆန်ဝါးကြရသည်။ နှစ်ဖက်ရှေ့နေများလည်း စုံညီရှိသည်။ ဆန်မဝါးမီ တရားလို၊ တရားခံနှစ်ဦး၏ ပါးစပ်များထဲသို့ လက်ညှိုးထည့်ပြီး စစ်ဆေးပါသည်။ ဆန်ငါးမူးသားကို သုံးစုခွဲပြီး ပါးစပ်ထဲသို့ သုံးကြိမ် ခွံ့ပေးသည်။ ဆန်ကုန်၍ ရေငုံပြီး ထွေးခိုင်းသောအခါ လော၏ နှုတ်ကျင်းရေသည် မသန့်သို့ဖြစ်၍ လော မုဒိမ်းမှု ကျူးလွန်ကြောင်း ဆုံးဖြတ်ခံရသည်။

**ခဲထောက်**-ခဲထောက်မည်ဆိုလျှင် ခဲအချိန် ၃၃၃ ကျပ် ၃ မတ်ကို မီးမှာတင်ပြီး အရည်ကျိုရသည်။ အရည်ပျော်သည့်အခါ ညာလက်ညှိုးကို ထိုခဲရေပူထဲသို့ စိုက်၍ မပူမလောင်လျှင် အပြစ် မရှိဟု ဆုံးဖြတ်သည်။

တရားလို၊ တရားခံ၊ နှစ်ဦးလုံးပူလောင်ကြလျှင် ခုနစ်ရက်ကြာသည့်အခါ အစစ်ဆေးခံရ၏။ လောင်ကျွမ်းသည့် ဝေဒနာပြင်းပြင်း ခံရသူက တရားရှုံးသည်။

ရာဇာသိပ္ပံသတ္တကျမ်းတွင် ငမြတ်ရာနှင့် ငရှမ်းတို့ ခဲထောက်ကြပုံကို ဖော်ပြပါမည်။ ၎င်းတို့ နှစ်ဦးအား ငမောင်နှင့် သောပေါ်ဆိုသူတို့က သူခိုးဟု ယိုးစွပ်သည်။ ယိုးစွပ်သူက ခဲမထောက်ရ၊ ယိုးစွပ်ခံရသူများကသာ ခဲထောက်ရ၏။ တရားခံနှစ်ဦး၏ လက်ကို သုံးရက်အကြာ စစ်ဆေးရာ အနာမရင်း၍ ငမြတ်ရာနှင့် ငရှမ်းတို့ စွပ်စွဲခံရခြင်းမှ လွတ်သည်။

ယင်းကျမ်းတွင် ရေလားပုံမှာ သာမန်အရပ်သားချင်း ပြိုင်ရပုံကို ရှင်းပြထားသည်။ အထက်၌ ဖော်ပြခဲ့သော ရေလား(ရေပြိုင်)ကြပုံမှာ မင်းနှင့် ဆင်းရဲသား ဖြစ်၏။ ယခု ဖော်ပြမည်က သာမန်အရပ်သားချင်း ပြိုင်ရပုံ ဖြစ်သည်။ ဆယ်ပေခွဲရှိသော ဝါးတစ်ချောင်းကို ရင်ခေါင်းခန့် ရေအနက်ကို ယှဉ်ပြိုင်ပြီး စိုက်ထားစေပါသည်။ ထိုဝါးကို ကိုယ်စီဖက်ပြီး တရားလို၊ တရားခံများက ပြိုင်တူရေငုပ်နေကြရပါသည်။ အကြာဆုံးနေနိုင်သူက နိုင်သည်။ ရေနစ်ပြီး သေသူဆိုလျှင် ရှုံး၏။

ရာဇာသိပ္ပံသတ္တကျမ်း စာမျက်နှာ ၁၃၁-၁၃၃ ၌ ဖော်ပြထားသည်မှာ ရွှေတောင်ပေါ်ထင်ကို မိသူ ဆိုသူက စုန်းအတတ်နှင့် ပြုစားသည်ဟု ယိုးစွပ်ခံရသည်။ မိသူကို ရေချ၏။

ရေမချမီ အယိုးခံရသူကို ထဘီဖောက်ထိုးဝတ်စေသည်။ ဘီးကျိုး ခုနစ်ချောင်းနှင့် ဆံပင် ခုနစ်ထုံး ထုံးစေသည်။ လင်းတတောင် တစ်ချောင်း၊ လူရိုးတစ်ချောင်းတို့ကို ဆံထိုးစေသည်။ လူသေမှာ ချည်သည့်ကြိုးနှင့် လက်ကို

mgyee.com

mgyoe.com
SAMPLE BOOK


တုပ်စေသည်။ ခုနစ်အိမ်မှ ကျင်ငယ်ရည်ကို ခံပြီး ခေါင်းက လောင်းစေသည်။

လှေနှစ်စင်းကြားတွင် 'ကပ်' ကိုထားပြီး အစွပ်စွဲခံရသူကို ထိုကပ်ပေါ်၌ တင်သည်။ ရေလယ်၌ လှေနှစ်စင်းခွာပြီး ရေမှာကျစေသည်။ ရေပေါ်လျှင် စုန်း မှန်၏ဟု ဆုံးဖြတ်၏။

ဖော်ပြပါ အပြုအမူများသည် စုန်းဟု အစွပ်စွဲခံရသူအား ကျက်သရေမင်္ဂလာ မရှိအောင်၊ ယုတ်ညံ့သည်ထက် ယုတ်ညံ့အောင် ကြံတင် ပြုမူရာ ရောက်သည်ကို တွေ့ရ၏။ လောကီပညာအရ လုပ်ရသည်ဟု ဆင်ခြေပေးလေသည်။ ကမ္ဘာလေးရပ် တရားစီရင်ပုံမှာလည်း လောကီပညာထက် စွမ်းအားသာသူက အနိုင်ရရှိပုံ ပေါ်နေပါသည်။

ဤသည်တို့ကား ဇဒိုမင်းလက်ထက် မတိုင်မီခေတ်နှင့် ဇဒိုမင်း လက်ထက်တော်အထိ မြန်မာတို့ ယုံကြည် ကျင့်သုံးခဲ့သည့် လောကီပညာရပ်များ ဖြစ်ကြသည်။ ယခုခေတ်တိုင်အောင်ပင် အချို့ ပညာရပ်တို့ကို ယုံကြည် ကျင့်သုံးဆဲ ဖြစ်သည်ဟု တွေ့ရသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်းရှင်းတမ်း (၅)

**ဗဒုံမင်း ငယ်စဉ်ဘဝ**

ဗဒုံမင်းရှင်းတမ်း (၄) တွင် အမရပူရမြို့တော်၌ ဗဒုံမင်းက ကပိလ ရသေ့ရုပ်တုကို ပင့်ဆောင်ထားရှိ ကိုးကွယ်ခြင်းအကြောင်းကို ဖော်ပြပြီးနောက် ဗဒုံမင်း၏ ဘဝကို ပြန်ဆန်းစစ်လေ့လာသင့်သဖြင့် ဗဒုံမင်း၏ ဘဝကို ငယ်စဉ် မှစ၍ ကြည့်ရအောင် -

ဗဒုံမင်းသား၏ ငယ်မည်မှာ မောင်ရွှေဝိုင်း ဖြစ်သည်။ အလောင်းမင်း တရားကြီး၏ သားတော် ခြောက်ပါးအနက် သားတော်လတ် ဖြစ်သည်။ မောင်ရွှေဝိုင်းမွေးစဉ်က အလောင်းမင်းတရားသည် မင်းအဖြစ်သို့ မရောက်ရှိ သေးပေ။ အချို့စာရေးဆရာများက အလောင်းမင်းတရားလောင်း ဦးအောင်ဇေယျ သည် မင်းအဖြစ်သို့ မရောက်မီက ရွှေဘိုမှ ရွာသူကြီးဟု ရေးကြသည်။ ဂျပ်ဆင်ကမူ ဦးအောင်ဇေယျသည် ရွာသူကြီးအောက်မှ ကြေးကိုင်မျှသာ ဖြစ်သည်ဟု ဆိုသည်။ အချို့ အနောက်နိုင်ငံစာရေးဆရာများက ဦးအောင်ဇေယျ သည် မုဆိုးမျှသာဖြစ်၍ သူ၏ မင်းဆက်ကို မုဆိုးဆက်ဟု ခေါ်ကြောင်း ရမ်းသန်းပြီး ရေးကြသည်။ အမှန်မှာ ဦးအောင်ဇေယျသည် မုဆိုးဘိုရွာသူကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်၍ သူ၏ မင်းဆက်ကို မုဆိုးဆက်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

ဦးအောင်သာဦး ဆိုသူက ဦးအောင်ဇေယျသည် ရခိုင်ဘုရင် ဥဂ္ဂါဗလသီရိသုဓမ္မရာဇာ၏ သားတော်ဖြစ်ကြောင်း၊ ခရစ်နှစ် ၁၆၇၅ တွင် အသတ်ခံရသောအခါ မိဖုရားကြီးသည် ရွှေဘိုသို့ ပြေး၍ သားတော်မွေးဖွားရာမှ ဦးအောင်ဇေယျကို မွေးဖွားခဲ့သည်ဟု သူ ရေးသားသည့် ရခိုင်ရာဇဝင်တွင် ဖော်ပြခဲ့သည်။ (ဦးရွှေဇံ၏ စာအုပ်တွင် ဥဂ္ဂါဗလသီရိသုဓမ္မရာဇာသည် ခရစ်နှစ် ၁၆၇၄ မှ ၁၆၈၅ အထိ စိုးစံခဲ့သည် ဟု ဖော်ပြထားသည်။)

ဦးအောင်သာဦး၏ ရေးသားချက်ကို သိမ်တောင်ဆရာတော်က ဤသို့ ဆိုလျှင် ဦးအောင်ဇေယျသည် မင်းဖြစ်သောအခါ သက်တော် ၇၇ နှစ် ရှိပေမည်။ ဦးအောင်ဇေယျ မင်းဖြစ်သည့် ခရစ်နှစ် ၁၇၅၂ တွင် သူ၏ သက်တော်မှာ ၃၈ နှစ်သာ ရှိသေးသည်ဟုဆိုကာ ဦးအောင်သာဦး၏အဆိုကို ပယ်ချခဲ့သည်။

အလောင်းမင်းတရား၏ သားတော်လတ် မောင်ရွှေဝိုင်း (ဗဒုံမင်းသား) ကို ခရစ်နှစ် ၁၇၄၄ ခုနှစ်တွင် နောင်အခါ အလောင်းမင်းတရား၏ မိဖုရားခေါင်ကြီးဖြစ်လာမည့် 'ခင်ယွန်းစံ' မှ မွေးဖွားခဲ့သည်။ အခြား ဦးအောင်ဇေယျ၏ ဇနီးများတွင်လည်း သားတော်၊ သမီးတော်များ ရှိသေးသည်။ ခမည်းတော် ဦးအောင်ဇေယျ မင်းအဖြစ်သို့ ရောက်သောအခါ မောင်ရွှေဝိုင်းသည် အသက် ရှစ်နှစ်မျှသာ ရှိသေးသည်။ အခြားသားတော်ငါးပါးနှင့်အတူ မောင်ရွှေဝိုင်းသည် ခမည်းတော် ဘုရင်ဖြစ်လာသောအခါ ဘွဲ့မည်ရခဲ့လေသည်။

၁။ မောင်လောက် (ဒီပဲယင်းမင်း ၊ ၁၇၃၄-၁၇၆၃) သီရိပဝရမဟာဓမ္မရာဇာ၊ နန်းစံ သုံးနှစ်။
၂။ မောင်ရွ (မြေဒူးမင်း ၊ ၁၇၃၆-၁၇၇၆) သီရိသုဓမ္မမဟာရာဇာ၊ နန်းစံ (၁၃)နှစ်။
၃။ မောင်ပို (အမြင့်မင်းသား ၊ ၁၇၄၀-၁၇၇၇) သုဓမ္မရာဇာ
၄။ မောင်ရွှေဝိုင်း (ဗဒုံမင်း ၊ ၁၇၄၄-၁၈၁၉) သီရိပဝရ ဝိဇယာနန္တယ သတရိဘဝနာ ဒိတျာဓိပတိ ပဏ္ဍိတမဟာဓမ္မရာဇာဓိရာဇာ ၊ နန်းစံ ၃၇ နှစ်။
၅။ မောင်စိုး (ပုခန်းမင်းသား ၊ ၁၇၄၉-၁၈၀၂) သတိုးမင်းလှ မင်းရဲကျော်စွာ

mgyoe.com

mgyoe.com
SAMPLE BOOK


၆။ မောင်ဘိုးရှင် (ပင်းတလဲမင်းသား ၊ ၁၇၅၄-၁၇၈၅) သတိုးမင်းလှ
မင်းရဲကျော်ထင် (ဘိုးတော်ရှင် ဟုလည်း ခေါ်သည်)။

အလောင်းမင်းတရားကြီးက သူ၏ သားတော် ခြောက်ပါးသည် ကြီးစဉ်ငယ်လိုက် ထီးနန်းစိုးစံရမည်ဟု မှာတော်မူခဲ့သည်။ သို့သော် သားတော်သုံးပါးသာ မင်းအဖြစ်သို့ ရောက်သည်။ မင်းတရားကြီးသည် လူတို့၏ လောဘ၊ ဒေါသ၊ မောဟ တရားတို့ကို ထည့်တွက်တော်မမူခဲ့ပေ။ သားတော်ကြီး ဒီပဲယင်းမင်းက ခမည်းတော် မှာခဲ့သည့်အတိုင်း ထီးနန်းကို ညီတော် မြေဒူးမင်းအား လွှဲခဲ့သည်။ သူ၏ သားတော်ရင်း ဖောင်းကားရှာစား (မောင်မောင်)ကိုပင် ထည့်မတွက်ခဲ့ပေ။ မြေဒူးမင်းအား ဆက်ခံရမည့်သူမှာ သားတော် အမြင့်မင်းသားဖြစ်သည်။ သို့သော် မြေဒူးမင်း (ဆင်ဖြူရှင်)သည် အလောင်းမင်းတရားကြီးချမှတ်ခဲ့သည့် မှာတော်ပုံကို သွေဖည်ကာ သူ၏ သားတော် စဉ့်ကူးမင်းသား (၁၇၅၆-၁၇၈၂)အား အိမ်ရှေ့အရာပေးခဲ့သည်။ ကျန်ညီတော် လေးပါးအား အိမ်နိမ့်စံစေသည်။ ထိုသည်မှစ၍ ထီးနန်းအတွက် ကုန်းဘောင်ဆက် လူသတ်ပွဲများစကာ သွေးချောင်းစီးခဲ့လေတော့သည်။

ဗဒုံမင်းလောင်း မောင်ရွှေဝိုင်းသည် ခရစ်နှစ် ၁၇၇၈ ခုနှစ်မှစ၍ အိမ်နိမ့်စံကာ စစ်ကိုင်း၌ ရက်ကန်းရက်ခြင်း အတတ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရသည်။ အခြား ကိုယ်လုပ်တော်များမှာ ဈေးထဲတွင် ဈေးရောင်းစားရသည့်ဘဝသို့ ရောက်ကြသည်။ ငယ်ကျွန်ရင်းများကမူ သစ္စာရှိစွာဖြင့် ဗဒုံမင်းသားနှင့် မိသားတစ်စုလုံးအပေါ် ထောက်ပံ့၍ ဝတ်ကြီး၊ ဝတ်ငယ် ပြုကြ၏။ ဆင်ဖြူရှင် မြေဒူးမင်း နတ်ရွာစံ၍ သားတော် စဉ့်ကူးမင်းသား နန်းတက်သောအခါ ညီတော် စလင်းမင်းသားသည် နန်းတွင်း ပုရောဟိတ်များနှင့် အခြားအရာရှိ အရာခံများကို ခေါင်းဆောင်ကာ နန်းလုရန် ကြံသဖြင့် စီရင်ခြင်းခံရသည်။ ခရစ်နှစ် ၁၇၇၇ တွင် ဘထွေးတော် အမြင့်မင်းသားက နန်းလုရန် ကြံပြန်သဖြင့် စီရင်လိုက်ပြန်သည်။ အမြင့်မင်းသား မိသားတစ်စုလုံးကို ရေချသတ်လိုက်၏။ စဉ့်ကူးမင်း၌ ဘထွေးတော် ဗဒုံမင်းသား ၊ ပုခန်းမင်းသားနှင့် ပင်းတလဲမင်းသားဟူ၍ သုံးပါးကျန်သေး၏။ ထို သုံးပါးလုံးသည် အလောင်းမင်းတရားကြီး၏ မှာတော်ပုံအရ မင်းလောင်းများ ဖြစ်ကြသည်။ စဉ့်ကူးမင်းလက်ထက်တွင် ထိုဘထွေးတော် သုံးပါးအနက် ဗဒုံမင်းသည် မင်းလောင်းအဖြစ် ထိပ်ဆုံးမှ ရှိနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


စဥ့်ကူးမင်းသည် အရက်သေစာ သောက်ခြင်းဖြင့်သာ အချိန်ကုန်သည်။ တိုင်းပြည်အား ကောင်းမွန်စွာ မအုပ်ချုပ်နိုင်ပေ။ သို့သော် သူ၏နန်းစံငါးနှစ်အတွင်း ကံအားလျော်စွာ တိုင်းပြည်သည် အေးချမ်း သာယာနေသဖြင့် မင်းညံ့ဖြစ်သော သူ၏ အရည်အချင်းများမှာ မပေါ်လွင်ခဲ့ပေ။ တိုင်းပြည် အေးချမ်းသာယာနေခြင်းမှာ ခမည်းတော် မြေဒူးမင်း (ဆင်ဖြူရှင်) လက်ထက်မှ အရှိန်အဝါ ကျန်သေးသောကြောင့် ဖြစ်သည်။ စဥ့်ကူးမင်းသည် သူ၏ နန်းစံသက်အတွင်း ဘုရားကျောင်းကန်များကိုမူ တည်ဆောက်ခဲ့သော ဘာသာရေးကိုင်းရှိုင်းသည့် မင်းတစ်ပါး ဖြစ်သည်။ စဥ့်ကူးမင်း ခရစ်နှစ် ၁၇၇၈ တွင် တည်ဆောက်လှူဒါန်းခဲ့သည့် မဟာမင်္ဂလာရွှေဘုံကျောင်းတော်ကြီးသည် အမည်နှင့် လိုက်အောင်ပင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ရွှေဘုံကြီးအလား တင့်တယ်ခမ်းနားလှပါသည်။ ကျောင်းမကြီးကို အလားတူဘုံသုံးဆင့် ကျောင်းရံ ၁၂ ကျောင်းဖြင့် ဝန်းရံထားသည်။

ခရစ်နှစ် ၁၇၈၂ ခု ဖေဖော်ဝါရီလတွင် ဒီပဲယင်းမင်း၏ သားတော် အသက် ၁၈ နှစ်ရှိ ဖောင်းကားရှာစား မောင်မောင်က နန်းလုလေသည်။ စဥ့်ကူးမင်းသည် မင်းစည်းစိမ်ခံစားရာ၌ မိမိ၏ လုံခြုံမှု ၊ ထီးနန်းစည်းစိမ်၏ လုံခြုံမှုတို့ကို သတိမမူခဲ့ပေ။ အညာသီဟတောဘုရားသို့ သွားဖူးချိန် စဥ့်ကူးမင်းနှင့် အခြွေအရံများ ပြန်လာလေဟန်ဖြင့် မြို့စောင့်တို့ကို မြို့တံခါး ဖွင့်စေ၍ ဖောင်းကားစားမောင်မောင်သည် မြို့တွင်းသို့ ဝင်ခဲ့လေသည်။ စဥ့်ကူးမင်း၏ လုံခြုံမှုကို သတိမမူခဲ့သော အားနည်းချက်ကြောင့် ထီးနန်းလုရန် လွယ်ကူလှသည့် အခြေအနေရောက်ခဲ့လေသည်။ စဥ့်ကူးမင်းကလည်း မင်းညံ့တစ်ပါးဖြစ်၍ မြေဒူးမင်း၏ တပည့်ဟောင်းတို့က ဖောင်းကားစားမောင်မောင်ကို နန်းတင်သည်က မိမိတို့အတွက် အကျိုးရှိပေလိမ့်မည် ဟူသော အတွေးဖြင့် မောင်မောင်ဘက်သို့ အားပေးကူညီခြင်းဖြင့် အင်းဝထီးနန်းသည် စဥ့်ကူးမင်း လက်မှ ဖောင်းကားစားမောင်မောင်လက်သို့ လက်ပြောင်းခဲ့ရပြန်သည်။ သို့သော် မောင်မောင်သည် အင်းဝနန်းကို ခုနစ်ရက်မျှသာ သိမ်းယူနိုင်ခဲ့သည်။

ဗဒုံမင်းသည် မောင်မောင်ကို ဖမ်းဆီးကာ ကွပ်မျက်လိုက်သည်။ သူ၏ အပေါင်းအပါများကိုလည်း ကွပ်မျက်ပြီးသည်နှင့် စဥ့်ကူးမင်းသည် မိဖုရားများ၊ အခြွေအရံများနှင့်အတူ နန်းတော်သို့ ပြန်ရောက်လာလေသည်။ သို့သော် ထုံးစံနှင့်အညီ စီရင်ခြင်း ခံရလေသည်။ ထိုစဥ်က စဥ့်ကူးမင်း၏

mgyoe.com

mgyoe.com
SAMPLE BOOK


သက်တော်မှာ ၂၅ နှစ်သာ ရှိသေးသည်။ ဗဒုံမင်းသည် သက်တော် ၃၇ နှစ်တွင် မျှော်လင့်စောင့်စားနေခဲ့ရသော ထီးနန်းစည်းစိမ်ကို ရခဲ့လေသည်။ သူ၏လက်ထက်တွင် ထီးနန်းရရန် ပြိုင်ဘက်များကို ရက်စက်စွာ ဖယ်ရှင်းခဲ့ရ၏။ စဥ့်ကူးမင်းနန်းကျခြင်းနှင့် ဖောင်းကားမင်း နန်းတက်ခြင်းတို့သည် ဗဒုံမင်း၏ ပယောဂ မပါသော်လည်း ဖြစ်လာ၍ ရလာသည့်အခွင့်အရေးကို ဗဒုံမင်းသည် ပိုင်ပိုင်နိုင်နိုင် ရယူနိုင်ခဲ့ကာ ဖောင်းကားမင်းနှင့် စဥ့်ကူးမင်းတို့ကို အပေါင်းအပါများနှင့်တကွ ရှင်းခဲ့လေသည်။ ခမည်းတော်တူ မယ်တော်ကွဲ ညီတော်တစ်ပါးဖြစ်သော စည်သာစားနှင့်ပေါင်းကာ သူ့ကို နန်းမှချရန် ကြံစည်သည်ဆိုသော ဝန်ကြီးမဟာသီဟသူရကိုလည်း ကွပ်မျက်လိုက်သည်။ ခရစ်နှစ် ၁၇၈၅ ခုနှစ် ဖွန်လတွင် ညီတော် ပင်းတလဲမင်းသား (မောင်ဘိုးရှင်)သည် မသင့်သောအကြံကို ကြံစည်သည်ဆိုကာ ထုံးစံနှင့်အညီ စီရင်တော်မူသည်။ သူ၏နောင်တော် နှစ်ပါးမှာ မြို့တည်နန်းတည်မင်းများ ဖြစ်ခဲ့ကြသည်။ မြန်မာဘုရင်တို့၏ မြို့တည် နန်းတည်ဘွဲ့ကို အလွန်ခံယူချင်သော အကျင့်အတိုင်း သူသည်လည်း မြို့တော်သစ်တည်ရမည် ဟူသော ခံယူချက်ဖြင့် အမရပူရမြို့တော်သစ်ကို တည်သည်။ အမရပူရဆိုသည်မှာ သေခြင်းကင်းသော ဟူသည့်အဓိပ္ပာယ်ဆောင်သည်။ သူသည် အင်းဝတွင် အသက်ပေါင်းများစွာကို ကွပ်မျက်ခဲ့ရသည်။ သူ၏လက်ချက်ကြောင့် သွေးများလိမ်းကျံနေသည့် အင်းဝထီးနန်းတွင် မနေချင်ခဲ့ပေ။ အင်းဝထီးနန်းကို သိမ်းပိုက်ပြီး နှစ်နှစ်အကြာတွင် အမရပူရနေပြည်တော်သစ်ကို တည်ဆောက်ပြီး ပြောင်းရွှေ့ခဲ့သည်။ မြို့သစ်တည်ပြီးနောက် သားတော်ရွှေတောင်မင်းသားကို အိမ်ရှေ့အရာ ပေးခဲ့သည်။ ရွှေတောင်မင်းသားမှာ ထိုစဥ်က အသက် ၂၁ နှစ်သာရှိသေး၏။ ဗဒုံမင်းသည် သူ၏ နောင်တော် နှစ်ပါးဖြစ်သော ဒီပဲယင်းမင်းနှင့် မြေဒူးမင်းတို့ကဲ့သို့ စစ်ပညာကို ကောင်းစွာ မကျွမ်းကျင်ခဲ့ပေ။ သို့သော် သူ၏သားတော် ရွှေတောင်မင်းသားမှာ စစ်ပညာ၌ ကျွမ်းကျင်သော မင်းသား ဖြစ်သည်။

သားတော်အိမ်ရှေ့စံ ရွှေတောင်မင်းသား အားကိုးဖြင့် ရခိုင်ပြည်ကို စစ်ရေးအရ သိမ်းယူနိုင်ခဲ့သည်။ ရခိုင်တို့၏ အလေးအမြတ်ထားရာ မဟာမုနိဘုရားကြီးကိုလည်း အမရပူရသို့ ပင့်ဆောင်စေခဲ့သည်။ သို့သော် ရခိုင်သည် အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းယူထားသော စစ်တကောင်းနယ်နှင့် ဆက်စပ်လျက်ရှိသည်နှင့်အညီ နယ်ခြားပြဿနာများ ပေါ်ပေါက်ကာ အင်္ဂလိပ် - မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK


စစ်မျက်နှာသစ်များဖွင့်ရာဒေသအဖြစ်သို့ ရောက်ခဲ့သည်။

(ဗဒုံမင်း၏ အမှားစစ်များအကြောင်းကို သီးခြားဖော်ပြပါမည်။)

ဗဒုံမင်းသည် စိတ်ကူးဆန်းကြယ်စွာဖြင့် မင်းကွန်းအရပ်တွင် ပုထိုးတော်ကြီးတစ်ဆူကို တည်တော်မူသည်။ သူ၏ ဘေးလောင်းတော် ၊ ဘိုးလောင်းတော်များလက်ထက်မှ တည်ခဲ့သည့် ဘုရားစေတီများထက် ပို၍ ကြီးသော စေတီတော်တစ်ဆူ ဖြစ်ရမည်ဟု ကြံစည်စိတ်ကူးရှိသည်။ မင်းကွန်း စေတီကြီးကို သူနန်းတက်ပြီး ရှစ်နှစ်အကြာ ခရစ်နှစ် ၁၇၉၀ ကတည်းက တည်ခဲ့ရာ ခရစ်နှစ် ၁၈၁၉ အထိ မပြီးခဲ့ပေ။ ကြီးလွန်းသဖြင့် မပြီးနိုင်ခြင်း ဖြစ်၏။ ပြည်သူပြည်သားတို့မှာ ထုံးစံအတိုင်း လုပ်အားပေးခဲ့ကြရာ နှစ်ရှည် လများ မည်မျှ ပင်ပန်းဆင်းရဲကြမည်ကို ခန့်မှန်း၍ ကြည့်နိုင်ပါသည်။ ဗဒုံမင်း သည် စေတီတော်ကြီးကို တည်၍ မပြီးခင်ပင် ကန်တော်ကြီး ၊ ခြင်္သေ့ရုပ်ကြီး များနှင့် ခေါင်းလောင်းတော်ကြီး စသည်တို့ကိုလည်း ဆောက်လုပ်ခဲ့သည်။

သူ၏ လက်ထက်မှာ တစ်ပါးသောမင်းများထက်သာလွန်ရမည် ဟူသော စိတ်ကူးဖြင့် လုပ်ခဲ့သည့် ကြီးလေးကြီးစိမ်ကိန်း ဖြစ်၏။ ခေါင်းလောင်းတော် ကြီးမှာ ကြေးပိဿာချိန် ၅၅၅၅၅ ရှိသည်ဖြစ်သဖြင့် ‘မင်းဖြူမှန်မှန်ပြော’ ဟုပင် စာချိုး၍ အမှတ်အသားပြုခဲ့သည်။ ဗဒုံမင်းသည် ဤကဲ့သို့ ဘာသာရေး၊ လူမှုရေးတို့ဘက်၌သာ ဆောင်ရွက်တော်မူ၍ အချိန်ကုန်နေသဖြင့် သားတော်ကြီး အိမ်ရှေ့စံ ရွှေတောင်မင်းက တိုင်းပြည်ကို အုပ်ချုပ်ရသည်။ သို့သော် ရွှေတောင် မင်းသည် ၁၈၀၉ ခုနှစ်တွင် နတ်ရွာစံခဲ့သည်။ အခြား သားတော်ကြီးများ အပြိုင်းအရိုင်း ရှိပါလျက် ထီးနန်းမပေးခဲ့ဘဲ ရွှေတောင်မင်း၏ သားတော်ကြီး (သူ၏မြေးတော်)ဖြစ်သော စစ်ကိုင်းမင်းသားကို အသက် ၂၃ နှစ်အရွယ်၌ အိမ်ရှေ့မင်းအဖြစ် ခန့်အပ်လိုက်သည်။ စစ်ကိုင်းမင်းသားမှာ ခမည်းတော် အိမ်ရှေ့စံ ရွှေတောင်မင်းကဲ့သို့ အရည်အချင်းရှိသောသူ မဟုတ်ပေ။ ဗဒုံမင်းက သူ၏ မြေးတော်ကို လွန်စွာ အားထားခဲ့သည်။

သို့သော် မြေးတော် စစ်ကိုင်းမင်းသည် သားတော် ရွှေတောင်မင်း ကဲ့သို့ အရည်အချင်းရှိသူ မဟုတ်ရကား တိုင်းပြည်အား အုပ်ချုပ်ရာတွင် ဟာကွက်များစွာ ဖြစ်ပေါ်စေခဲ့လေသည်။ စစ်ကိုင်းမင်းသားအား မြေးတော် ဆင်ဖြူမယ်နှင့် လက်ဆက်စေခဲ့သည်။ သူတို့ နှစ်ဦးမှ မြစ်တော် စကြာမင်းသား ကလေးကို ထူးခြားသော နိမိတ်များဖြင့် မွေးဖွားလာခဲ့သည်။ သားတော်

mgyoe.com

mgyoe.com SAMPLE BOOK



ရွှေတောင်မင်းကဲ့သို့ မဟုတ်၍ မြေးတော်စစ်ကိုင်းမင်းအား အားမရနေသည့် ဗဒုံမင်းမှာ ထူးထူးခြားခြား မွေးဖွားတော်မူလာသည့် မြစ်တော်ကလေးအား တစ်နေ့ စကြာမင်းဖြစ်ရမည်ဟု အထင်ဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်နေခဲ့သည်။ မျှော်လည်း မျှော်မှန်းခဲ့၏။

နန်းသက်ရှည်ခဲ့သော ဗဒုံမင်းလက်ထက်တွင် တိုင်းပြည်သာယာဝပြော ခဲ့ခြင်းမှာ သူ၏ ခမည်းတော်နှင့် နောင်တော်တို့၏ လက်ရုံးရည် ၊ နှလုံးရည်ဖြင့် ရင်းနှီးတည်ဆောက်ခဲ့သော နိုင်ငံတော်ကြီး၏ တိုးတက်စည်ပင်မှု အသီးအပွင့်များကို ခံစားခဲ့ရသောကြောင့် ဖြစ်သည်။ သူ၏ လက်ထက်တွင် ပြောင်းလဲ တိုးတက်လာပြီ ဖြစ်သော ၁၉ ရာစု၏ ရိုက်ခတ်မှုများ စတင်ခဲ့လေသည်။ သို့သော် သူ သတိမမူခဲ့ ချေ။ ခမည်းတော် အလောင်းမင်းတရား တည်ဆောက်ခဲ့သော ကုန်းဘောင် မင်းဆက်သည် ဆဋ္ဌမမြောက် သူ၏ လက်ထက်တွင် အမြင့်ဆုံးအခြေသို့ ရောက်ခဲ့သည်။ သတ္တမမြောက် သူ၏ မြေးတော် စစ်ကိုင်းမင်းလက်ထက်မှစ၍ တဖြည်းဖြည်း ထိုးကျတော့မည်ကို သူ မသိနိုင်ချေ။

ဗဒုံမင်းသည် သူ၏လက်ထက်တွင် အမှားစစ်များ ခင်းခဲ့သည်။ စိတ်ကူးယဉ်လွန်းသော စေတီတော်ကြီး ၊ ကန်တော်ကြီး ၊ ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး ဟူသော ကြီးလေးကြီးတို့ကို တည်ဆောက်ခဲ့သည်။ မပြီးပြတ်သည်က များ၏။ သို့သော် ကောင်းသည့်ဆောင်ရွက်ချက်များကိုလည်း တိုင်းပြည်နှင့် လူမျိုး၊ ဘာသာနှင့် သာသနာတို့အတွက် ဆောင်ရွက်သည်များလည်း ရှိပါသည်။ အောင်ပင်လယ်ကန်ကြီးကို ပြုစုတော်မူခဲ့သည်။ နန္ဒာကန်ကိုလည်း ဆည်ဖို့ခဲ့သည်။ အိန္ဒိယသို့ လွှတ်ပြီး ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ လောကီကျမ်း အမျိုးမျိုးတို့ကို ကူးယူစေခဲ့သည်။

ဗဒုံမင်းသည် အညာသီဟတောာဘုရားရှင်ကို ကျောက်အတိပြီးသော စေတီတော်အဖြစ် တည်လုပ်စေသည်။ ဘုရားတည်ရာ တောင်ထွတ်ကိုလည်း အဓွန့်ရှည်စွာ ကြံ့ခိုင်အောင် ကျောက်တို့ဖြင့် မွမ်းမံစီခင်းမည်ဟု ကြံတော်မူ၍ ၁၈၁၉ ခု ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရတနာရွှေဖောင်တော်ဖြင့် ကြည်းတပ်၊ ရေတပ် စစ်အင်္ဂါလေးပါးခြံရံကာ အညာသီဟတောသို့ ထွက်စံတော်မူသည်။ ရောက်လျှင် ကျောက်စေတီတော်ကို ရွှေထီး တင်တော်မူသည်။ ဇရပ်နှင့် ကျောင်းများ ယောင်းနွမ်းပြိုပျက်သည်ကိုလည်း အသစ်ဆောက်လုပ် လှူတော်

mgyoe.com

မူသည်။ ရွှေမြင်တင်ဘုရားကိုလည်း မွမ်းမံပြင်တော်မူ၍ ရွှေထီးတင်တော်မူသည်။ ဧပြီလ ၁၇ ရက်နေ့တွင် ပြန်တော်မူသည်။ လမ်းခရီး၌ ရတနာသိင်္ဃမြို့သို့ ရောက်လျှင် ကိုယ်လက်မအီမသာ ရှိတော်မူ၍ နေပြည်တော်သို့ စုန်တော်မူသည်။ စံနန်းတော်သို့ ရောက်ပြီး ၁၈၁၉ ခု ဇွန်လ ၅ ရက်နေ့တွင် နတ်ပြည်စံတော်မူသည်။

ဗဒုံမင်းတွင် မိဖုရားပေါင်း ၅၃ ပါး၊ သားတော် ၆၁ ပါး၊ သမီးတော် ၆၁ ပါး ၊ စုစုပေါင်း ၁၂၂ ပါး ၊ မြေးတော်ယောကျ်ား ၁၀၂ ပါး၊ မြေးတော်မိန်းမ ၁၀၆ ပါး ၊ စုစုပေါင်း မြေးတော် ၂၀၈ ပါး ၊ မြစ်တော် ယောကျ်ား ၃၀၊ မြစ်တော်မိန်းမ ၅၁ ပါး ၊ မြစ်တော်ပေါင်း ၈၁ ပါး ကျန်ခဲ့သည်။ ထိုသားတော်၊ သမီးတော် ၊ မြေးတော် ၊ မြစ်တော်ပေါင်း ၄၁၁ ပါးမှ ဆင်းသက်ခဲ့သော ကုန်းဘောင်ဆက် ကုန်းဘောင်နွယ်များသည် နောင်နှစ်ပေါင်း ၆၆ နှစ်အတွင်း မည်မျှ ပွားစီး၍ ရှုပ်ထွေးလာမည်မှာ ခန့်မှန်း၍ မရနိုင်ချေ။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်း ရှင်းတမ်း (၆)

**နိဝယ်လ်ဆင်းဂါး၏ စွပ်စွဲချက်များအပေါ် ရှင်းခြင်း**

ဗဒုံမင်းရှင်းတမ်း (၅) တွင် ဗဒုံမင်း၏ ငယ်ဘဝအကြောင်း ဖော်ပြရင်းနှင့် သူ၏ ဘဝအကျဉ်းကို နတ်ပြည်စံသည်အထိ ရေးသားခဲ့ပါသည်။ ယခု ဖော်ပြလိုသည်က နိဝယ်လ်ဆင်းဂါး၏ 'ဗဒုံမင်းနှင့်ပတ်သက်သော ရက်စက်မှုများ' ဟူသည့် စွပ်စွဲချက်အပေါ် ရှင်းတမ်း ဖြစ်သည်။

နိဝယ်လ်ဆင်းဂါးက ဗဒုံမင်း နန်းတက်သည့်အရေးတွင် ညီတော်၊ တူတော်နှင့် အခြား အပေါင်းအပါတို့အား ရက်စက်စွာ သတ်ဖြတ်၍ သွေးဖြင့် ဆေးကာ နန်းတက်လာသူဟု သူ့စာအုပ်တွင် စွပ်စွဲထားသည်။ သူက ဂဝံပတော့ သိုက်စာကို ကိုးကား၍ ဗဒုံမင်း၏ ဆောင်ရွက်ချက်များသည် ထိုသိုက်စာ အတိုင်း ဖြစ်နေသည်ဟု စွပ်စွဲထားခြင်း ဖြစ်သည်။

စွပ်စွဲထားသည့် သိုက်စာများကို ဖော်ပြရလျှင် -

'ရွာလယ်တော် သုဉ်းဆိတ်လတ္တံ့ - ဆင်းရဲသားတို့ ထွားထွား ညက်ညက် ကြေလတ္တံ့'

'ကျားကို ကြောက်သည် တထိတ်ထိတ်'

'ကျားကြီး မာန်စောင် မီးသို့လောင်သည်' ဆိုသည့် သိုက်စာများပင် ဖြစ်ပါသည်။

ဆိုလိုသည်မှာ ဂဝံပတော့သိုက်စာအရ 'ရွာလယ်တော် သုဉ်းဆိတ်

mgyoe.com

m gyoe.com  SAMPLE BOOK 

လတွံ့၊ ဆင်းရဲသားတို့ ထွားထွားညက်ညက်ကြေလတ္တံ့' ဆိုသည့်အတိုင်း 'ဗဒုံမင်းလက်ထက်တွင် မင်း၏ ရက်စက်မှုများကြောင့် ကျေးရွာသူ ကျေးရွာသားများ စေ့စေ့ညက်ညက်ကြေအောင် နှိပ်စက်ခံရပြီး ၄င်းတို့ နေထိုင်ရာ ကျေးရွာ၊ လယ်ယာများတို့သည် နေထိုင်သူပင် မရှိတော့ဘဲ ဆိတ်သုဉ်းသွားရမည်' ဟူ၍ လည်းကောင်း ၊

'ကျားကို ကြောက်သည် တထိတ်ထိတ်'ဆိုရာ၌ 'ကျားဖြစ်သော ဗဒုံမင်း ၏ ရက်စက်မှုများကြောင့် တိုင်းသူပြည်သားတို့သည် တထိတ်ထိတ် ကြောက်လန့်စွာဖြင့် နေထိုင်ကြရမည်' ဟူ၍ လည်းကောင်း၊

'ကျားကြီးမာန်စောင် မီးသို့လောင်သည်' ဆိုရာ၌ 'ကျားနှင့်တူသော ဗဒုံမင်း၏ ဒေါသကြီး၍ အမျက်မာန်စောင်မှုများကြောင့် တိုင်းသူပြည်သား တို့သည် မီးလောင်ခံရသူများပမာ ပူပန်ကြရမည်' ဟူ၍ လည်းကောင်း ဖြစ်ပါသည်။

ဗဒုံမင်းသည် အိမ်နိမ့်စံခဲ့ရသည်မှာ သက်တော် ၃၇ နှစ်ရောက်မှ ထီးနန်း အရိုက်အရာကို စံမြန်းခဲ့ရပါသည်။ အလောင်းမင်းတရားကြီး၏ မှာတော်ပုံကို ဖောက်ဖျက်ခဲ့သော မြေဒူးမင်း (ဆင်ဖြူရှင်)ကြောင့် သူ၏ သားတော် စဉ့်ကူးမင်းသားနှင့် ဒီပဲယင်းမင်း (နောင်တော်ကြီး)၏ သားတော် ဖောင်းကား မင်းသားတို့ နန်းစံခဲ့ကြသည်။ စဉ့်ကူးမင်းအား ဖောင်းကားမင်းက နန်းချခဲ့သည်။ တိုင်းပြည်အရေး မငြိမ်းအေးသည့် ထိုသို့သောအချိန်မျိုးတွင် မင်းလောင်းအဖြစ် ထိပ်ဆုံးမှ ရောက်ရှိနေသော ဗဒုံမင်းသည် ဖောင်းကားမင်းထံမှ ထီးနန်းကို သိမ်းပိုက်ခဲ့သည်။

မြန်မာရာဇဝင်၌ မင်းတစ်ပါးနန်းတက်တိုင်း ရက်စက်စွာ သတ်ဖြတ်မှု တစ်ရပ် ပေါ်ရသည်မှာ ထုံးစံအတိုင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဗဒုံမင်းသည် လည်း သူနန်းချခဲ့သည့် ဖောင်းကားမင်းနှင့် အပေါင်းအပါတို့အား လည်းကောင်း၊ နန်းကျပြီးဖြစ်သည့် စဉ့်ကူးမင်းနှင့် အပေါင်းအပါတို့အား လည်းကောင်း ထုံးစံနှင့်အညီ စီရင်ခြင်း ဖြစ်သည်။ ခမည်းတော်တူ မယ်တော်ကွဲ ညီတော် တစ်ပါးဖြစ်သော စည်သာမင်းသားနှင့် ပေါင်းကာ နန်းလုရန်ကြံသည့် ဝန်ကြီး မဟာသီဟသူရတို့ကိုလည်း ကွပ်မျက်ရသည်။ ညီတော် ပင်းတလဲမင်းသား (မောင်ဘိုးရှင်)ကိုလည်း မသင့်သောအကြံကိုကြံသဖြင့် ထုံးစံနှင့်အညီ စီရင် ရသည်။ ဗဒုံမင်း နန်းတက်စတွင် ဖြစ်ပွားသော သတ်ဖြတ်မှုများ၌ သေရ

mgyoe.com

mgyoe.com  SAMPLE BOOK 

သည့် အရေအတွက်များမှာ ပုဂံမင်း နန်းတက်စ သတ်ဖြတ်မှုများကြောင့် သေရသည့်အရေအတွက်နှင့် သီပေါမင်း နန်းတက်စ သေရသည့် အရေအတွက်များနှင့် စာလျှင် မပြောပလောက်ပေ။

နိုဝယ်လ်ဆင်းဂါးက 'ဟောလ်'၏ ရေးသားချက်တွင် -

'ဗဒုံမင်းသည် သွေးဖြင့် ဆေးကာ နန်းတက်ရာ၌ သူ၏ တူတော်နှစ်ပါး ဖောင်းကားမောင်မောင်နှင့် စဥ့်ကူးမင်း ၊ ၎င်းတို့၏ မိဖုရားများသာမက အခြား အမှုထမ်းအရာထမ်းများလည်း ပါဝင်သည်။ သက်တော် ၂၆ နှစ်သာ ရှိသေးသော စဥ့်ကူးမင်းသည် ဗဒုံမင်း၏ မျက်မှောက်သို့ ဒူးတုပ်ကာ ရောက်လာသည်။ သူ၏ အသက်ကို ချမ်းသာပေးရန် တောင်းပန်သည်။ ဗဒုံမင်းသည် စဥ့်ကူးမင်း ရာဇပလ္လင်ပေါ်တွင် စံရစဉ်က ပြားပြားဝပ်ကာ နဖူးနှင့် ကြမ်းကိုထိ၍ ငါးနှစ်မျှ ခစားခဲ့ရသည့် တူတော်အရက်သမားအပေါ် နာကြည်းချက်များကို မေ့နိုင်မည် မဟုတ်သေးချေ။ ထို့ကြောင့် ရက်စက်စွာ သတ်ဖြတ်ခဲ့သည်' ဟူ၍ လည်းကောင်း၊

'ဆိုင်း (Symes)'၏ ရေးသားချက်တွင် -

'စဥ့်ကူးမင်းသည် အင်းဝ၌ ဖောင်းကားမောင်မောင် နန်းလုသည်ဟု ကြားသောအခါ ထွက်မပြေးဘဲ အင်းဝသို့ ပြန်လာ၍ နန်းတော်၏ အဓိက တံခါးမှ ဝင်တော်မူလာသည် ဆို၏။ အတွင်းဝန်သည် အနီးအနားမှ မြင်းသည်တော်ကိုင် ဓားလွတ်ဖြင့် စဥ့်ကူးမင်း၏ လည်စလုတ်ကို တစ်ချက်တည်း ခုတ်ကာ သူ၏ ခြေရင်းမှ ဖလားထဲတွင် လည်ချောင်းသွေးအား ခံခဲ့သည်။ အသက်ရှုရပ်သွားသည်အထိ ဖြစ်သည်' ဟူ၍ လည်းကောင်း ပါဝင်သည်ဟု ဆိုထား၏။

စဥ့်ကူးမင်းကို သတ်သည့် အတွင်းဝန် ဆိုသည်မှာ အသည်ဝန်ကြီး ဖြစ်သည်။ ထိုကဲ့သို့ မဟာဆီ မဟာသွေးကို မြေသို့ ကျစေမည်ဆိုလျှင် ဖောင်းကားမောင်မောင်သည် ထိုအသည်ဝန်ကြီးအား သေမိန့်ပေးပေလိမ့်မည်ဟု နိုဝယ်လ်ဆင်းဂါးက ဖော်ပြထားသည်။

ရာဇဝင်မှ အမိန့်တော်များတွင် စဥ့်ကူးမင်းနှင့် သူ၏ မိဖုရားများကို ဗဒုံမင်းဘက်တော်သားများက နေပြည်တော်သို့ ပြန်လည် ခေါ်ဆောင်ခဲ့သည့် အကြောင်းများကို ဖော်ပြထားပါသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် ၁၇၈၂ ခု ဖေဖော်ဝါရီလ ၁၄ ရက် အင်းဝနှင့် တစ်ဖက်တစ်ချက်တွင်

mgyoe.com

SAMPLE BOOK


ရှိသော ဧရာဝတီမြစ်တွင် ဖောင်းကားမောင်မောင်နှင့် သူ၏ မိဖုရားခေါင်ကြီး လေးပါးကို သားတော်၊ သမီးတော်များနှင့်အတူ မြစ်၏ ရေနက်ရာသို့ ရေချရန် ခေါ်ဆောင်သွားသည်ဟု ဖော်ပြထားကြောင်း ဆင်းဂါးက ဆိုပါသည်။

ဦးရာကျော်၏ စာအုပ်တွင်မူ စဉ့်ကူးမင်း၏ အရွယ်မရောက်သေးသော သားတော်၊ သမီးတော်ခြောက်ပါးသည် ခမည်းတော်နှင့်အတူ အသက်ပျောက် သွားရသည်ဟု ဖော်ပြထားသည်။ သို့ရာတွင် ၁၇၇၈ ခုနှစ်တွင် စဉ့်ကူးမင်း၌ မိဖုရားငယ် ခြောက်ပါးရှိသည်ဟု ကျွန်ုပ်တို့ သိရရာ အခြား ကိုယ်လုပ်တော်များပါ ရှိလိမ့်မည်ဟု ထင်ရကြောင်း ရေးသား ဖော်ပြထားပါသည်။ ဤနေရာ၌ အလျဉ်းသင့်၍ မြန်မာမင်းတို့လက်ထက်က မင်းညီ မင်းသား၊ ဆွေတော်မျိုးတော်တို့ ရေချစီရင်ပုံကို ဖော်ပြလိုပါသည်။

'မင်းညီမင်းသားတို့ကို ရုံးတော်က ခေါ်ရန်ရှိလျှင် လက်မထောက်ကို စေလွှတ် ခေါ်စေသည်။ ရုံးတော်မှာ လျှောက်ထားချက်တွင် ဒဏ်ရာ ဒဏ်ချက် ကြည့်ရန်၊ မှတ်သားရန် ရှိသည်များကို လက်မထောက်၊ အကြီးအငှန်းတို့ကို ကြည့်ရှုစေ၍ မြို့ဝန်၊ မြို့စာရေးတို့က မှတ်သားရသည်။ မင်းညီမင်းသား၊ ဆွေတော်မျိုးတော်တို့ကို အကျဉ်းထားအမိန့်ပါလျှင် ခတ်ရန် ခြေချင်းကို ရစ်ပတ်ရန် ကတ္တီပါ၊ ဖဲနီ၊ နီပါးထည် အသီးသီး လွှတ်တော်မှာ အစီရင်ခံလျှင် လွှတ်တော်အရာရှိတို့က ကတ္တီပါတန်လျှင် ကတ္တီပါ၊ ဖဲတန်လျှင် ဖဲ၊ နီပါးထည် တန်လျှင် နီပါးထည် လျော်ရာ ရွေးချယ်၍ ဆိုင်ရာသို့ ဆင့်ဆိုပေးရသည်။ ရလျှင် လက်မရွှံ့က ခြေချင်းကို ရစ်ပတ်၍ ခတ်ရသည်။

အဆုံးစီရင် အမိန့်တော်ပါလျှင် ရေသို့ ချသည့်ကာလ သွတ်ရန် ကွန်ချာ ၊ နီပါးထည်အိတ်၊ ဖောင်းကန်အိုး လေးလုံး၊ လှေတက်လူများကို လွှတ်တော်မှာ အစီရင်ခံ၍ တောင်းရသည်။ လွှတ်တော်က လူနှင့် လျော်ရာ ကွန်ချာကို ရွေးချယ်၍ ကွန်ချာ၊ နီပါးထည်အိတ်၊ ဖောင်းကန်အိုး ၊ လှေတက်လူများ ကို ဆိုင်ရာက ဆင့်ဆိုပေးလျှင် ယူ၍ လူကို ယူသွားမြဲ သုံးတန်းနှင့် ယူသွားရာ လွှတ်တော်က ဝန်ထောက် ၊ စာရေးကြီးတို့ လိုက်ရသည်။ ရုံးတော်ကလည်း မြို့ဝန်၊ မြို့စာရေး၊ ထောင်မှူး၊ ထောင်စာချီတို့ အစုံအညီလိုက်၍ ရေဆိပ်သို့ ရောက်လျှင် ဓားငိုင်းငုံ့ စောင့်နေမြဲ စောင့်နေရသည်။ အမိန့်တော်နှင့် အနုတ်အယူ မလာလျှင် ထုံးစံရှိသည့်အတိုင်း လက်မရွှံ့သားတို့က ရေသို့ ချရမည့်လူကို တုပ်စည်း၍ ကွန်ချာထဲသို့ သွတ်ရသည်။ ပြီးလျှင် နီပါးထည်အိတ်သို့ သွင်း၍

mgyoe.com

mgyoe.com  SAMPLE BOOK 

လုံခြုံစွာ စည်းနှောင်ပြီးလျှင် ဖောင်းကန်အိုး လေးလုံးနှင့် တွဲချည်ရသည်။ တွဲချည်ရန်ကြိုးကို ရောင်းသူတို့မှာ မှတ်သား၍ ကောက်ယူသည်။ စည်းနှောင်ပြီးလျှင် လွှတ်တော်က ခန့်ထားပေးသည့် လှေသို့ တင်သည်။ ဖောင်းကန်အိုး လေးလုံးကို လှေနှစ်စင်းစပ်ကြားက ချထား၍ ယူသွားသည့် ကာလ ရုံး၊ သူရဲကောင်းဟန်၊ သုံးတန်းလက်မရွံ့၊ အစုသားလေးရပ် ၊ အဝှန်းငယ်သားတို့ ဝန်းရံမြဲ ဝန်းရံ ယူသွား၍ မြစ်လယ်သို့ရောက်မှ လှေနှစ်စင်းကို ခွာပြီးလျှင် ရေသို့ ချရသည်။ ကွဲသည့် ဖောင်းကန်အိုး လေးလုံးကို လက်မရွံ့သားတို့က ခွဲရသည်။ ဖောင်းကန်အိုးကို ခွဲ၍ ရေ၌ မြုပ်သွားပြီးမှ လွှတ်ရုံးတော်က လိုက်သည့် အရာရှိတို့ ပြန်ကြရသည်။'

နိုဝယ်လ်ဆင်းဂါးက သူ၏ စာအုပ်တွင် ရေးသားထားပုံမှာ -

'ရေချခံရမည့် လှေများပေါ်တွင် အလွန် ကြောက်ရွံ့ထိတ်လန့်နေသော သေရမည့်သူများသည် ကြိုးနှင့် တုပ်ခံရ ၊ ကတ္တီပါအိတ်များအတွင်း၌ အသွတ်ခံရလျက် ရှိကြသည်။ မိခင်များနှင့် ကလေးများသည် ငိုကြွေးနေကြလျက် လိုက်ပါသွားကြရသည်။ ကမ်းနားတစ်ဖက်တစ်ချက်တွင် လူပရိသတ်ကြီးသည် စိုးရိမ်တကြီးဖြင့် ကြည့်နေကြသည်။ သေရသူများအတွက် သနားနေသည်။ စဥ့်ကူးမင်းကို တိုင်းသူပြည်သားများက ချစ်ခင်သည်။ သို့နှင့်ပင် စဥ့်ကူးမင်းနှင့် အပေါင်းအပါတို့သည် ရေချ သတ်ဖြတ်ခြင်း ခံလိုက်ရတော့သည်။'

'ချစ်စိန်လွင်က စဥ့်ကူးမင်းနှင့် အပေါင်းအပါတို့ကို 'မီးမြှိုက်သတ်သည်' ဟု ဖော်ပြထားပါသည်' ဟုလည်း နိုဝယ်လ်ဆင်းဂါးက ရေးသားဖော်ပြထား၏။

မယ်လ်ကွန် (Malcom)ဆိုသည့် အမေရိကန်သာသနာပြုက သူ၏ စာအုပ်တွင် ရေးသားထားချက်မှာ ပို၍ ထိတ်လန့်စရာကောင်းသည်။ မယ်လ်ကွန်က 'စဥ့်ကူးမင်းနှင့် မိဖုရား၊ သားတော်၊ သမီးတော်များ ၄၀ နီးပါးတို့သည် အဆောက်အအုံများထဲ၌ ခွဲ၍ သွင်းခံရပြီး ယမ်းဖြင့် ဖောက်ခွဲခံရသည်' ဟု ရေးထားကြောင်း နိုဝယ်လ်ဆင်းဂါးက ဖော်ပြထားပြန်သည်။

ရှင်းလင်းချက်။ ။နိုဝယ်လ်ဆင်းဂါး ကိုးကားသည့် ချစ်စိန်လွင် ဆိုသူမှာ 'ဆောင်ကြာမြိုင်မှတ်တမ်း' ကို ရေးသားသည့် စာရေးဆရာ ချစ်စိန်လွင် ဖြစ်သည်။ ဆရာချစ်စိန်လွင်က သူ၏ ဆောင်ကြာမြိုင်မှတ်တမ်း

mgyoe.com

စာအုပ်တွင် ဤသို့ပင် ရေးသားတားပုံရသည်။

နိုဝယ်လ်ဆင်းဂါးကိုးကားသည့် မယ်လ်ကွန်၏ စာအုပ် ဆိုသည်မှာ 'Travels in the Burman Empire' ဟူသည့် စာအုပ်မှ ဖြစ်သည်။ နိုဝယ်လ်ဆင်းဂါး ဤကဲ့သို့ ရေးသားဖော်ပြနေသည်မှာ ဗဒုံမင်း (ဘိုးတော်ဘုရား) ရက်စက်ပုံကို မပေါ် ပေါ်အောင် ဖော်ပြနေခြင်းမျှသာ ဖြစ်သည်။ ယခင် ရေးခဲ့သည့် စာရေးဆရာအမျိုးမျိုးတို့၏ ရေးသားချက်များသည် ကွဲလွဲနေသည်ကို သတိပြုရမည်။

အမှန်မှာ ရေချသတ်သည် ဆိုရာ၌ အထက်က ဖော်ပြထားသကဲ့သို့ အစဉ်အလာ ရေချသတ်ပုံအတိုင်း ရေချသတ်ခြင်းသာ ဖြစ်ပါသည်။

နိုဝယ်လ်ဆင်းဂါးက ဗဒုံမင်း၏ အခြား သတ်ဖြတ်မှုများကို ဆက်လက် ဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ ၂၃ ရက်တွင် စည်သာမင်းသားနှင့် သူ၏ မိသားစု အခြွေအရံများကို သတ်ဖြတ်ခြင်းအကြောင်း ဖြစ်၏။ စည်သာ မင်းသားအား အထောက်အကူပေးသူမှာ ဗိုလ်ချုပ်ကြီး မဟာသီဟသူရ ဖြစ်သည်။ မဟာသီဟသူရသည် ၁၇၆၅ မှ ၁၇၆၉ ခုနှစ်ထိ ဖြစ်သော တရုတ်-မြန်မာ စစ်ပွဲတွင် ရှုပ်ရှပ်ချုံချုံတိုက်၍ တိုင်းပြည်အား ကယ်ခဲ့သူ ဖြစ်သည်ဟု ဆိုသည်။ ဗိုလ်ချုပ်ကြီးသည် ရက်စက်ကြမ်းကြုတ်လှသော ဗဒုံမင်းကို နန်းချ၍ စည်သာ မင်းသားအား နန်းတင်ဖို့ ကြံစည်သည်ဟု ဆိုပြန်သည်။

ဗိုလ်ချုပ်ကြီး မဟာသီဟသူရနှင့် မိသားစု၊ ဆွေမျိုး၊ အပေါင်းအပါ အားလုံးတို့သည် ရက်စက်စွာ သတ်ဖြတ်ခံရသည်။ မဟာသီဟသူရသည် 'ကျေးရင်းကျွန်ရင်း' ဖြစ်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ တိုင်းပြည်အား အကျိုးပြုခဲ့သည့် ကျေးရင်းကျွန်ရင်းကိုပင် ဗဒုံမင်းက ရက်စက်စွာ သတ်ဖြတ်သည် ဟု ဆိုလိုပါသည်။

နိုဝယ်လ်ဆင်းဂါး ကိုးကားခဲ့သည့် အခြား စာအုပ်တစ်အုပ်မှာ ဘာရစ်တို (Barretto)၏ 'The Burman Empire' စာအုပ်မှ ဖြစ်သည်။

'ဘာရစ်တိုက သူ၏ စာအုပ်တွင် ဖော်ပြထားသည်မှာ -

ဗဒုံမင်းသည် မည်သူ့ကိုမျှ အယုံအကြည် မရှိတော့ချေ။ သူနှင့် အနီးစပ်ဆုံး ဆွေတော်မျိုးတော်များကိုပင် မယုံကြည်တော့ချေ။ သူ့အား စောင့်ရှောက်နေသည့် သက်တော်စောင့်များကိုပင် နေ့စဉ် လဲလှယ်ခဲ့သည်။ စက်တော်ခေါ်ရာတွင်လည်း နေ့စဉ် ပြောင်းလဲ၍ စက်တော်ခေါ်သည်။'

mgyoe.com

ဟု နိုဝယ်လ်ဆင်းဂါးက ရေးသားထားသည်။ 'ဤသို့ ဖြစ်နေသည့် ဗဒ္ဓံမင်းသည် ဘီစီ ၃၂၁ မှ ၂၉၇ အထိ အုပ်စိုးခဲ့သည့် မောရိယအင်ပါယာ၏ ချန္ဒရာဂုပ်ပတာ (Chandragupta)မင်းနှင့် တူသည်'ဟု ဆိုထားသည်။

နိုဝယ်လ်ဆင်းဂါးသည် မြန်မာဘုရင်တို့၏ ညဥ့်သုံးယံ တစ်ယံသာ စက်တော်ခေါ်သည့် ဓလေ့ကို လည်းကောင်း ၊ လုံခြုံမှုအတွက် နေရာပြောင်း၍ စက်တော်ခေါ်တတ်သည့် ဓလေ့ကို လည်းကောင်း သိဟန် မတူပါ။ ဘာရစ်တိုက ဗဒ္ဓံမင်းသည် သူ၏ အသက်လုံခြုံမှုအတွက် ဆောက်တည်ရာ မရဘဲ သက်တော် စောင့်များကို နေ့စဉ် လဲလှယ်ခြင်း၊ စက်တော်ခေါ်ရာတွင် နေရာပြောင်း စက်တော်ခေါ်ခြင်း စသဖြင့် ရမ်းသန်းရေးသားထားချက်များကို အဟုတ်ကြီး မှတ်ကာ မောရိယအင်ပါယာမှ ချန္ဒရာဂုပ်ပတာဘုရင်နှင့် ခိုင်းနှိုင်း၍ ရေးလိုက်ခြင်း ဖြစ်ပါသည်။

ဆင်းဂါးက ဗဒ္ဓံမင်း၏ ရက်စက်ပုံများကို ဖော်ပြချင်သေး၍ 'ဖောင်းကားမင်း၏ ဆရာတော်အား သတ်ဖြတ်ပုံ' ဆိုသည်ကို ထပ်မံ ဖော်ပြ လိုက်သေးသည်။ သူ့ဖော်ပြချက်တွင် နှောင်းခေတ်စာရေးဆရာများက အံ့သြ ထိတ်လန့်ဖွယ်ကောင်းလှသော 'တံကျင်လျှို'သတ်ဖြတ်မှုအကြောင်း ရေးသားချက် အရ ဖော်ပြခြင်း ဖြစ်သည်ဟု ဆိုထားသည်။

'ဖောင်းကားမင်း၏ ဆရာတော်သည် အင်းဝအနောက်ဘက်တွင် ယခုတိုင် ရှိသေးသည့် ဝတ်ဖြူသချိုင်း ဆိုသည့် နေရာတွင် ရက်စက်စွာ တံကျင်လျှို၍ အသတ်ခံရကြောင်း၊ ဆရာတော်သည် အသတ်မခံရမီ သင်္ကန်းချွတ်၍ အဝတ်ဖြူလဲခဲ့ရကြောင်း၊ ထို့ကြောင့် ဤအသတ်ခံရသည့်နေရာကို ဝတ်ဖြူ သင်္ချိုင်းဟု ခေါ်ပြီး ယနေ့တိုင် ခြောက်လှန့်လွန်းသောနေရာ ဖြစ်သောကြောင့် လူအများက ရှောင်ရှားကြသည်' ဟု ဖော်ပြထားပါသည်။

၁၇၈၂ ခု အောက်တိုဘာလ ၄ ရက်တွင် 'ငမြတ်ဘုန်း' ဆိုသည့် မင်းသားအတုအယောင်တစ်ပါးနှင့် နောက်လိုက်နောက်ပါတို့အား နန်းလုရန် ကြံစည်မှုဖြင့် ရက်စက်စွာ သတ်ဖြတ်ခဲ့သည် ဆိုပါသည်။ ဗဒ္ဓံမင်း၏ ဘက်တော်သား များက အင်းဝမြို့ရိုးကို နန်းလုသူများ ကျော်လွှားရန် အသုံးပြုခဲ့သည့် လှေကား များသည် ဖောင်းကားရွာတွင် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဖောင်းကား ရွာသူရွာသားများသည် သူတို့၏ အရှင် ဖောင်းကားမောင်မောင်အပေါ် သစ္စာခံလျက်ပင် ရှိသေးသည်ဟုဆိုကာ ရွာတွင်းရှိ ဘုန်းတော်ကြီးများနှင့်

mgyoe.com

mgyoe.com
SAMPLE BOOK


အသက်အရွယ်ကြီးသူများ၊ ကလေးသူငယ်များပါမကျန် (ထွက်ပြေးနိုင်သူများသာ လွတ်မြောက်သည်) မီးလောင်တိုက်သွင်းခဲ့သည် ဆိုသည်။ ဖောင်းကားရွာမှ စား၍ ရသော သစ်ပင် ဟူသမျှကိုလည်း ပိုင်းသတ်ခဲ့သည် ဆိုသည်။ ထို့ကြောင့် ဖောင်းကားရွာတစ်ရွာလုံး ပြာပုံအတိဖြစ်ကာ ရွာပျက်သွားရသည်မှာ ယနေ့အထိပင် ဖြစ်သည် (နှောင်းခေတ် ဖောင်းကားရွာသည် အသစ်တည်သော ရွာ ဖြစ်၏)ဟု ဆိုထားသည်။

နိုဝယ်လ်ဆင်းဂါးက ဒေါက်တာရီဂီ၏စာအုပ်တွင်' ဗဒုံမင်းသည် ဖောင်းကားရွာမှ ယောကျ်ား ၁၁၈ ယောက်တို့အား သူ၏ ကောင်းမှုတော် ဖြစ်သော အောင်မြေလောကစေတီတော်တွင် ဘုရားကျွန်များအဖြစ် လှူဒါန်းခဲ့သည်'ဟု ရေးသားခဲ့ကြောင်း ကိုးကား ဖော်ပြထားသည်။ ဆိုချင်သည်က ထိုသူများ၏ အဆက်အနွယ်များသည် ယနေ့အထိ လူ့ဘောင်လောကတွင် ဘုရားကျွန် အဆက်အနွယ်အဖြစ် နိမ့်ကျသွားရကာ လူရာမဝင်တော့ကြောင်း၊ သို့ဖြစ်၍ ဗဒုံမင်း၏ ပြစ်ဒဏ်ပေးမှုများသည် တစ်ဦးတစ်ယောက်အတွက်သာ မဟုတ်ဘဲ ထိုသူ၏ ဆွေခုနစ်ဆက် ၊ မျိုးခုနစ်ဆက်ကိုင်အောင်ပင် ဖြစ်သည်ဟု ဆိုလိုဟန် ရှိသည်။ အဓိကအားဖြင့် ဗဒုံမင်း၏ ရက်စက်မှုများကို မီးမောင်းထိုးပြပြီး ရာဇဝင်တွင် မင်းဆိုးမင်းညစ် ဖြစ်လေအောင် ရေးသားနေခြင်းသာ ဖြစ်သည်။ မြန်မာဘုရင်များ အဆက်ဆက်တွင် ဗဒုံမင်းသာ မဟုတ်ဘဲ အနည်းနှင့် အများ ဤကဲ့သို့ပင် ဖြစ်လေသည်ကို နိုဝယ်လ်ဆင်းဂါးသည် မသိ၍ ရေးသည်လော၊ သိလျက်နှင့်ပင် ဤသို့ ရေးလေသည်လော ဆိုသည်ကို သူသာလျှင် အသိဆုံး ဖြစ်ပေလိမ့်မည်။

ဆင်းဂါးက ဆက်လက် ဖော်ပြပြန်သည်မှာ အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် မွန်တို့အား လုပ်အားပေးစေသဖြင့် မခံမရပ်နိုင်သော မွန်တို့က တော်လှန် ပုန်ကန်ကြရာတွင် ရက်ရက်စက်စက် ဖိနှိပ်ကာ နှိမ်နင်းလိုက်ပြီး မွန် ၅၀၀ ကျော်အား ခေါင်းဖြတ်သတ်ခဲ့သည် ဟူ၍ ဖြစ်ပါသည်။

ဆင်းဂါးက ဗဒုံမင်းအကြောင်း မကောင်းချက်ဟူသမျှ ချစ်တီးခေါင်းသန်းရှာသကဲ့သို့ အကြိမ်ကြိမ် ဖော်ပြပြီးနောက် ဒေါက်တာမတင်ဝင်းက ဗဒုံမင်းအား 'အကြံကြီးသော်လည်း အပြီးမသတ်နိုင်သူ'ဟူ၍ သူမ၏ စာအုပ်တွင် ရေးသားခဲ့ခြင်းမှာ အမှန်ပင် ဖြစ်သည်ဟု ဆိုပါသည်။


mgyoe.com

mgyoe.com
SAMPLE BOOK


သူ ဆိုလိုသည်မှာ ဆရာမကြီး ဒေါက်တာမတင်ဝင်းက ဗဒုံမင်းအကြောင်း ရေးရာတွင် မင်းကွန်း ပုထိုးတော်ကြီး တည်ဆောက်ရာ၌ ပုထိုးတော်ကြီးကို အပြီးမသတ်နိုင်၍ ရေးသားခဲ့ခြင်းအပေါ် နောက်ယောင်ခံ၍ ရေးသားလိုက်ခြင်း သာ ဖြစ်သည်။ ဗဒုံမင်းသည် သူ၏ နန်းသက်အတွင်းတွင် ၁၇၈၂ ခု မတ်လ၌ အောင်မြေလောက၊ သို့မဟုတ် 'အိမ်တော်ရာ' စေတီကို စစ်ကိုင်းတွင် တည်ခဲ့ကြောင်း၊ အဖိုးတန်ရတနာများကို ဌာပနာခဲ့ကြောင်း၊ ၁၇၈၄ ခုနှစ်တွင် အပြီးသတ် နိုင်ကြောင်း၊ ထိုစေတီတော်တွင် ဖောင်းကားရွာမှ ယောကျ်ားပေါင်း ၄၄၀ ကို ဘုရားကျွန်အဖြစ် လှူဒါန်းခဲ့ကြောင်း၊ ၁၇၈၂ ခုနှစ် အောက်တိုဘာလတွင် ခုနစ်ရက် ခုနစ်လီ အင်းဝတွင် စတုဒိသာ အလှူကြီးပေး၍ သံဃာတော် ၅၀၀၀ တို့အား ပရိက္ခရာရှစ်ပါးကို လှူဒါန်းခဲ့ကြောင်း၊ ထို့အတွက် တိုင်းပြည်၏ ဘဏ္ဍာတော်များစွာ ကုန်ကျလိမ့်မည်ဟု ဆိုလိုဟန် ရှိပါသည်။

အချုပ်ဆိုလိုသည်မှာ ဆင်းဂါးသည် ဗဒုံမင်းအား မင်းဆိုးမင်းညစ် တစ်ပါး ဖြစ်သည်ဟု ဖော်ပြနေခြင်းပင် ဖြစ်သည်။ ကုန်းဘောင်ဆက်မင်း ၁၁ ပါးတွင် ဗဒုံမင်းတရားကြီးသည် နန်းသက်အရှည်ဆုံး၊ သက်တော်အရှည်ဆုံး နှင့် ဘုန်းတန်ခိုးအကြီးဆုံး မင်းတစ်ပါးဖြစ်သည်ဆိုသည်ကိုကား စာရေးသူတို့ မြန်မာများသာ သိပါသည်။

❐



အင်းဝခေတ် ဆေးရေးပန်းချီမှ နန်းတွင်း အခမ်းအနား

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်းရှင်းတမ်း (၇)

**နေပြည်တော်သစ်တည်ခြင်းနှင့် ဗဒုံမင်း၏ အခြားစီမံကိန်းများကိစ္စ**

နိုဝယ်လ်ဆင်းဂါးက သူ၏စာအုပ်တွင် အမရပူရနေပြည်တော်သစ် တည်သည့်ကိစ္စကို ရေးထားသည်။

'ဗဒုံမင်းသည် အလွန်တရာ ငွေကြေးကုန်မည့် ကိစ္စကြီးတစ်ခုကို ဖန်တီးပြန်လေသည်။ နေပြည်တော်သစ်ကို အင်းဝမှ အရှေ့မြောက်တက် ခြောက်မိုင် အကွာရှိ ထီးပေါင်းကား အရပ်သို့ ရွှေ့၍ တည်ခြင်း ဖြစ်သည်။ သန်းထွန်းက ဘုရားနှင့် အပေါင်းအပါတို့သည် မြန်မာပြည်သို့ ကြွလာတော်မူသည် ဆိုသော ယုံရခက်သည့် ဘုရားရှင်၏ 'ထိုနေရာတွင် နေပြည်တော်တစ်ရပ် ပေါ်ပေါက်မည်' ဟူသော ဗျာဒိတ်တော်အရ မြို့သစ်တည်ခြင်း ဖြစ်သည်ဟု ဆိုထားသည်။

၁၆ ရာစုနှစ်က ဘုရင့်နောင်၏ ဝေဒင်္ဂပညာရှင် ဆရာတော် ဥက္ကာစောကြီးက ဘုရားရှင်၏ ဗျာဒိတ်တော်ကို ညွှန်ခဲ့ဖူးပြီး ဖြစ်သည်။ ၁၇ ရာစုတွင် ဓာဂရုနတ်စက်ရောင်ကလည်း ထိုအတိုင်းပင် နိမိတ်ဖတ်ခဲ့သည်။ ထိုသို့သော ဗျာဒိတ်တော်၊ နိမိတ်သိုက်စာများကို ဗဒုံမင်းသည် အကောင် အထည်ဖော်လိုသည်။ သူ၏ ဝေဒင်္ဂပညာရှင်များနှင့် ဆရာတော်ကြီးများ ကလည်း သူ့ကို ထောက်ခံသည်။ ဓာဂရုနတ်စက်ရောင်သိုက်စာများမှာ -

'တန်ခိုးကြီးသောမင်းသည် မြို့ဟောင်းကို စွန့်၍ မြို့သစ်သို့ ပြောင်းသွားလတ္တံ့'ဟူ၍ လည်းကောင်း၊

'သည်ကာစကြ ရွှေအင်းဝ၊ ဌာနမြို့သက် ကုန်လတ္တံ့'ဟူ၍ လည်းကောင်း၊

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်ပါသည်။ ဇာဂရု နတ်စက်ရောင်၏ သိုက်စာကို ၁၇၈၈ ခုနှစ်မှ ၁၈၃၃ ခုနှစ်အထိ သာသနာပိုင်ဖြစ်ခဲ့သော မောင်းထောင်ဆရာတော်က -

'ဗျာဒိတ်တော်သိုက်စာအရ တစ်ချိန်တွင် မင်းကောင်းမင်းမြတ်တစ်ပါးသည် မန္တလေး ရွှေတောင်တော်အနီးရှိ ယက္ခလေးပါး စောင့်ရှောက်သည့် မြင့်မြတ်သော မြေမျက်နှာပြင်ပေါ်တွင် မြို့သစ်တည်လိမ့်မည်။ ထို မြို့သစ်တွင် သာသနာရောင်ဝါထွန်းလင်းလိမ့်မည်။'

ဟု သူ၏ စာအုပ်တွင် ရေးသားခဲ့သည်။

'နွေသို့ရောက် ၊ နန်းသစ်ဆောက်သည်' ဟူသော အင်းဝသိုက်စာကလည်း ရှိနေပါသည်။ ထို့ကြောင့် ၁၇၈၂ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် နေပြည်တော်သစ်၊ ထီးနန်းသစ် တည်တော်မူရန် မြေပန္နက် ချတော်မူသည်။ ထိုပန္နက်ချသည့်နေ့သည် နန်းလုရန် ကြံစည်ခဲ့သည် ဆိုသော ဖောင်းကားရွာမှ ငမြတ်ဘုန်းကို ကွပ်မျက်ပြီးနောက် ရက်များမကြာမီတွင်ပင် ဖြစ်သည်။

သူသည် အင်းဝတွင် လူများစွာကို ကွပ်မျက်ခဲ့သည်။ သေခြင်းများခဲ့သည်။ နေပြည်တော်သစ်တွင် သေခြင်းများကင်းကာ အေးချမ်းသာယာမှုရှိမည်ဟု အနည်းဆုံးမျှော်မှန်းယုံကြည်ခဲ့သည်။ အင်းဝ ထီးနန်းကို သိမ်းပိုက်ပြီး နှစ်နှစ်အကြာတွင် အမရပူရနေပြည်တော်သစ်သို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။'

ဟူ၍ ဖော်ပြပြီးနောက် နိုဝယ်လ်ဆင်းဂါးက -

'ဗဒုံမင်းသည် ဤကဲ့သို့ ဗေဒင်ပညာအရ လည်းကောင်း ၊ သိုက်စာများအရ လည်းကောင်း မြို့သစ်တည်၍ နန်းသစ်ဆောက်ခြင်းမှာ သူလုပ်ချင်သည့်အရာကို ဖွတ်လုပ်ခြင်းသာ ဖြစ်သည်။ တစ်တိုင်းပြည်လုံး အခွန်ဘဏ္ဍာတိုး၍ ပေးဆပ်ရပြီး လုပ်အားပေးရသည်ကိုလည်း ထည့်၍ မစဉ်းစား။ နေပြည်တော်သစ်သို့ ပြောင်းရွှေ့ရသဖြင့် ပြည်သူပြည်သားတို့မှာ အိုးပစ်အိမ်ပစ် ဖြစ်ခဲ့ရသည်ကိုလည်း ထည့်၍ မတွက်'ဟု ဝေဖန်ထားပါသည်။

'မြို့သစ်တည်၍ နန်းသစ်ဆောက်သည် ဆိုရာ၌ မြို့သစ်တည်ရန်နေရာရွေးချယ်ကတည်းက ထောင်နှင့်ချီသော ပြည်သူပြည်သားတို့သည် အခမဲ့ လုပ်အားပေးခဲ့ကြရသည်။ ၁၇၈၃ ခုနှစ် မေလ ၅ ရက်ကတည်းက ဖြစ်၏။ ဗြာဟ္မဏပုဏ္ဏားများကလည်း မြေသန့်စင်အောင် မန္တန်များ ရွတ်ဆိုရသည်။ ထိုသို့ ပြုလုပ်ရာ၌ မည်သည့် မြေနေရာမျှ မကျန်စေရပါ။ သံဃာတော်

mgyoe.com

mgyoe.com SAMPLE BOOK


များကလည်း အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဖတ်ပေးရသည်။ ငွေအင်းပြားများကို ရာနှင့်ချီ၍ ကျောက်သေတ္တာများတွင်ထည့်ကာ မြှုပ်နှံရသည်။ (၁၈၁၄ ခုနှစ်တွင် ဗဒုံမင်းသည် ထိုငွေအင်းပြားများ၏ အစွမ်းထက်မှုအပေါ် သံသယရှိလာ၍ ပြန်တူးဖော်ကာ မြစ်တွင်းသို့ ပစ်လိုက်သည် ဆို၏။)

နန်းသစ်တည်ဆောက်သောအခါ နတ်အုပ်၊ နတ်ထိန်းတို့ကို ဆင့်ဆိုပြီးလျှင် တောခုတ်၊ မြေပြင်၊ မြေမှတ် အခမ်းအနားများတွင် ၃၇ ပါးသော နတ်ကြီးများမှစ၍ အရပ်ရပ် တင်ကြားပသ ပူဇော်ရန် ရှိသည်များကို အပရိဟာနိယတရားနှင့်အညီ ဆောက်ထားရှိသည့် တန်ဆောင်းတော်ကြီး ပတ်လည် တန်ဆောင်းစင်ရှင်များတွင် တင်ကြားပသရန် အဘွယ်အရာများကို လောကီကျမ်းထွက် အတိုင်း နတ်ပူဇော်ဂါထာများ အသီးသီးရွတ်ကာ တင်ကြားပသပူဇော်၍ ဗလိနတ်စာ ကျွေးတော်မူသည်။

မြို့ရိုးအဓိကတံခါး ၁၂ ရပ်တွင်လည်း မြို့စောင့်နတ်ပုံတော်များကို ရေးခြယ်စေသည်။ မြို့ရိုး လေးရပ်တွင်လည်း မြို့နန်းပြာသာဒ် ၄၇ ရပ်ကို ဆောက်စေသည်။ ပဟိုရ်စင်၌လည်း ပဟိုရ်စည်တော်ကြီးကို ချိတ်ဆွဲစေသည်။' ဟုလည်း ရေးသားဖော်ပြထားပါသည်။

'ဇာဂရ နတ်စက်ရောင်သိုက်စာတွင် 'ထီးပေါင်းကားအရပ်၌ မြို့သစ်သည် ဖြစ်လတ္တံ့.' ဆိုသည့်အတိုင်း ထိုနေ့ ဖွန်လ ၁ ရက်နေ့တွင် မြို့သစ်နန်းသစ် ပြီးသဖြင့် အမရပူရမြို့တော်ဟု မှည့်ခေါ်တော်မူသည်။ အမရပူရဆိုသည့် အမည်မှာ သေခြင်းကင်းသော ဟူသည့် အဓိပ္ပာယ်ကိုဆောင်သည်။ နေပြည်တော်သစ်တွင် သေခြင်းများကင်းကာ အေးချမ်းသာယာမှု ရှိမည်ဟု သူ ယုံကြည်သည်။

စန်းယုအောင်က 'အမရပူရ' ဆိုသည်ကို 'သေခြင်းကင်းရာပြည်သာယာ' ဟု အဓိပ္ပာယ်ပြန်ခဲ့သည်။ အမရပူရ ဆိုသည်မှာ 'အမရဝတီ' ဟူ၍လည်း မည်သည်။

မတင်ဝင်းက '(ဟောလ်ကဲ့သို့ပင်) အမရပူရဟု မှည့်ခေါ်ရခြင်းမှာ အင်းဝ၌ သတ်ဖြတ်မှုများ ရှိခဲ့သဖြင့် ဘုရင်သည် သူ၏ ပြည်သူပြည်သားများနှင့် သေခြင်းကင်းရာ နေရာသစ်သို့ ရွှေ့ပြောင်းခြင်း ဖြစ်သည်'ဟု ဆိုခဲ့သည် ဆို၏။

'နန်းမြို့ရိုးကို ' မြနန်းဘုံစံ ' ဟု လည်းကောင်း ၊ နန်းတော်ကို

mgyoe.com

mgyoe.com
SAMPLE BOOK


'အောင်နန်းစံရာ' ဟု လည်းကောင်း မှည့်ခေါ်ခဲ့သည်။'ဟူ၍လည်း ရေးသားခဲ့ပါသေးသည်။

နိုဝယ်လ်ဆင်းဂါး ကိုးကားခဲ့သည်များမှ 'သန်းထွန်း'ဆိုသည်မှာ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်းကို ဆိုလိုပါသည်။ 'စန်းယုအောင်' ဆိုသည်မှာ စာရေးဆရာကြီး ဗန်းမော်တင်အောင်၏ သမီးကို ဆိုလိုသည်ဟု ထင်ပါသည်။ 'မတင်ဝင်း' ဆိုသည်ကမူ စာရေးဆရာမကြီး ဒေါက်တာ မတင်ဝင်းကို ဆိုလိုပါသည်။ 'ဗဒုံမင်းသည် ကြီးကျယ်သောကိစ္စတို့တွင် နောက်ကျမနေချင်သော စိတ်ရှိသူ ဖြစ်သည်'ဟု ဒေါက်တာမတင်ဝင်းက သူ၏ 'ကုန်းဘောင်ကိုဆန့်၍'စာအုပ်တွင် ရေးသားခဲ့ဖူးသည်။ ဗဒုံမင်းသည် သူ၏ နောင်တော် နှစ်ပါးဖြစ်သော နောင်တော်ကြီးမင်းနှင့် ဆင်ဖြူရှင်မင်းတို့ကဲ့သို့ မြို့တည် နန်းတည်မင်း ဖြစ်ချင်ဟန် ရှိသည်။ ဤသည်မှာလည်း မဆန်းပါ။ မြန်မာမင်းများသည် သူတို့၏ လက်ထက်တော်တွင် မြို့သစ်တည်၍ နန်းသစ် ဆောက်သည်က များသည်။ ဗဒုံမင်းကို ဆက်ခံသော မြေးတော် စစ်ကိုင်းမင်းသည် အင်းဝကို ပြန်ပြီး မြို့သစ်နန်းသစ်တည်ဆောက်ခဲ့သဖြင့် 'ဖန်နန်းရှင်' ဟူသော ဘွဲ့ကိုပင် ခံယူခဲ့သည်။ စစ်ကိုင်းမင်း၏ ညီတော် သာယာဝတီမင်းသည်လည်း အမရပူရကို မြို့တော်သစ်အဖြစ် တစ်ဖန် ပြန်လည် တည်ဆောက်ခဲ့သည်။ မင်းတုန်းမင်းတရားကြီးသည်လည်း မန္တလေးတွင် ရတနာပုံ နေပြည်တော်ကို ဖန်ဆင်းတည်ထောင်၍ မြို့တည်နန်းတည်မင်းဘွဲ့ကို ခံယူသွားခဲ့သည်။ ထို့ကြောင့် ဗဒုံမင်း၏ အမရပူရမြို့သစ် နန်းသစ် တည်ဆောက်ခြင်းကို အထူးအဆန်းအဖြစ် အပြစ်တင်ရလောက်အောင် ရေးသားရန် မလိုပါ။ မြန်မာမင်းတို့၏ သူတို့လက်ထက်တော်တွင် လုပ်ရိုးလုပ်စဉ်တစ်ရပ်မျှသာ ဖြစ်သည်။

နိုဝယ်လ်ဆင်းဂါးက 'ဗဒုံမင်း၏ အခြားစီမံကိန်းများ (Badon Min's other Projects)' ဟူသော ခေါင်းစဉ်ဖြင့် ဆက်၍ ရေးပြန်သည်။

'ဗဒုံမင်း၏ နေပြည်တော်သစ်တည်၍ နန်းသစ်ဆောက်ခြင်း စီမံကိန်းသည် သူ့အတွက် အခက်အခဲများနှင့် ရင်ဆိုင်ရဖွယ် ရှိသည်။ သို့သော် သူ၏ အတိုင်းအဆမရှိသော မောဟများကြောင့် ပြည်သူပြည်သားတို့မှာ ငွေကုန် လူပန်း ဖြစ်ကြရသည်။ ၁၇၈၃ ခုနှစ်တွင် စတင်လုပ်ခဲ့သည့် စီမံကိန်းသစ်ကိုလည်း ပြည်သူပြည်သားတို့မှာ လုပ်ကြရ၏။ ထိုစီမံကိန်းသစ်မှာ ရွှေဂူ ၂၃၀ ကို တည်ဆောက်ခြင်းဖြစ်သည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် ဤအကြောင်းကို

mgyoe.com

mgyoe.com
SAMPLE BOOK


ဖော်ပြထားပါသည်'ဟု ညွှန်းထားသည်။

ထို့ကြောင့် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးကို ပြန်ကြည့်ရာ ရာဇဝင်တော်ကြီးပထမတွဲ (ရာပြည့်မူ) စာမျက်နှာ ၃၉၈ '၂၃၀ သော ဌာနတို့၌ ရွှေဂူဘုရား ၂၃၀ တည်တော်မူခြင်း' ခေါင်းစဉ်အောက်၌ -

'ဘေးလောင်းတော် သီရိဓမ္မာသောကမင်းကြီး မုဋ္ဌောဘုရားကို တစ်ချိန် တစ်ခါတည်း တည်လုပ်သကဲ့သို့ ရွှေဂူဘုရားတည်လုပ်တော်မူမည်။ စေတနာတော် ထက်သန်လျက် အကြံတော်ဖြစ်၍ ရွှေဂူကုသိုလ်တော်များဝယ် ဌာပနာသွင်းရန် မွေတော်၊ ဓာတ်တော်၊ ရွှေကြုတ်၊ ငွေကြုတ်၊ ရွှေရုပ်တု၊ ငွေရုပ်တု၊ လိုဏ်သွင်းရန် ကျောက်ဖြူဘုရားရုပ်တုတော်၊ ကုသိုလ်တော်၊ ရေးဘုရားပုံစံ အုတ်အင်္ဂတေ အဖိုးကံကျွေး၊ လက်ခငွေတော်၊ ဓော်တွား၊ မြို့စား၊ မြို့ဝန်၊ စစ်ကဲ၊ သူကြီး၊ မြေတိုင်၊ ကလန်၊ သံပျင်တို့ကို အသီးသီး ပေးအပ်တော်မူ၍ စေဦကူးမြို့၊ စုန်းမြို့၊ ကြံညှပ်မြို့၊ စမ္မာနဂိုရ်မြို့ (စသဖြင့် မြို့ပေါင်း ၂၃၀ အမည်ကို ဖော်ပြ၍) မြတောင်မြို့၊ မန်လည်ရွာ၊ ဟင်္ဂမော်မြို့ (အမည်ဖြင့် အဆုံးသတ်ခါ) ထိုသို့ နှစ်ရာသုံးဆယ်သော ဌာနတို့၌ ရွှေဂူ ၂၃၀ တို့ကို တစ်ချိန်တည်း တည်လုပ်စေပြီးလျှင် ချရားသီးက သည် မြေတိုင်အောင် ရွှေထည့်တော်မူ၍ ရွှေထီးအထွတ်တင်လှူတော်မူ၏'ဟူ၍ ဖော်ပြထားသည်ကို တွေ့ရပါသည်။

နိုဝယ်လ်ဆင်းဂါးက 'ထိုရွှေဂူများတည်ဆောက်ခြင်းကို ၁၇၈၃ ခု ဒီဇင်ဘာလ ၁ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်တော်ဖြင့် ပြုလုပ်သည် ' ဟု ဆိုထားသည်။ တစ်ဖန် '၁၇၈၅ ခု ဩဂုတ်လ ၂၂ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်သော အမိန့်တော်တွင် အမရပူရမြို့တော် လေးထောင့်၌ စေတီတော် ဘုရားလေးဆူ တည်လုပ်ကြောင်းနှင့် တိုင်းပြည်တစ်လွှား အခြား ဒေသများတွင်လည်း စေတီတော် အဆူ ၅၀ တည်သည်'ဟု ဖော်ပြထားသည်။ သို့သော် ဤသို့ပြုလုပ်ခြင်း သည် အထက်၌ဖော်ပြခဲ့သော ရွှေဂူ ၂၃၀ တည်ခြင်း စီမံကိန်း၌ အပါအဝင် ဖြစ်သည် ဟူ၍ကား ရှင်းရှင်းလင်းလင်း ဖော်ပြမထားချေ ဟု ဆိုထားသည်။ အကယ်၍ ရွှေဂူ ၂၃၀နှင့်အတူ အကျုံးဝင်မည် ဆိုပါက ၂၈၄ ဆူ ဖြစ်သွားပေမည် ဟုလည်း ဆို၏။ ထပ်မံ၍ စဉ်းစားဖွယ်ရာဖြစ်သည်မှာ ၁၇၉၉ ခုနှစ် တောင်ငူရှိ ဗဒုံမင်းတည်သော အင်ပင်ရွှေဂူစေတီကျောက်စာ၌-

'လက်ထက်တော် အစတွင် တစ်တိုင်းပြည်လုံး၌ ဘုရင်မင်းမြတ်သည် ရွှေဂူ ၁၀၀ တည်တော်မူသည်'ဟု ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK


နိုဝယ်လ်ဆင်းဂါးက ဤသို့ ပြုလုပ်ခြင်းများသည် ယတြာချေခြင်းသာ ဖြစ်သည်ဟု ဆိုသည်။ သူဆိုလိုသည်မှာ ဗဒုံမင်းသည် စဉ်းစားဆင်ခြင်ဉာဏ် နည်းစွာဖြင့် စိတ်ကူးတည့်ရာ ယတြာသဘော လျှောက်၍ တည်ခြင်းမှာ တိုင်းသူပြည်သားများကိုသာ ဆင်းရဲပင်ပန်းစေခြင်းဖြစ်သည်ဟု ဖော်ပြလိုသော ကြောင့် ဖြစ်သည်။

ထီးသစ်နန်းသစ်တည်၍ ငွေကုန်ကြေးကျများခြင်း၊ ပြည်သူ ပြည်သားတို့ကို အခွန်အကောက်တိုး၍ ကောက်ခံရခြင်း၊ အခမဲ့လုပ်အားပေးရခြင်း စသည်တို့မှာလည်း အခြားမင်းများလက်ထက်၌ ထိုကဲ့သို့ပင် ဖြစ်ပါသည်။ နန်းသစ်မြို့သစ်တည်၍ ငွေကုန်ကြေးကျများခြင်း၊ ပြည်သူပြည်သား အပေါင်း အား ဆင်းရဲစေခြင်း ဆိုသည့် ပြစ်မှုများနှင့် ဗဒုံမင်းအပေါ် စွဲချက်တင်မည် ဆိုလျှင် ဗဒုံမင်း၏ နန်းသက်တစ်လျှောက် လုပ်ဆောင်ခဲ့သည့် တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းကျိုးများကိုလည်း ထည့်၍ စဉ်းစားသင့်သည်ဟု ပြောလိုပါသည်။

နိုဝယ်လ်ဆင်းဂါးက ဆက်၍ သူ၏ စာအုပ်တွင် ဗဒုံမင်းသည် သာသနာ ရေးတွင် အတင်ဂိုဏ်း၊ အရုံဂိုဏ်း ပြဿနာကို ဖြေရှင်းခဲ့သည်။ သို့သော် မင်းကြီးက ထိုပြဿနာကို ဖြေရှင်းရာတွင် နည်းလမ်းကျနသည်ထက် ပိုကာ တရားရှုံးသော အတုလမဟာထေရ်ကို လူအများက ရှုတ်ချအောင် ပြုလုပ်ခြင်းမှာ လွန်လှသည်ဟု အဓိပ္ပာယ်ရသည့် သဘော ရေးခဲ့သည်။ ၁၇၈၄ ခုနှစ် စစ်တမ်းများ တိုင်းပြည် တစ်လွှား ကောက်ခဲ့သည်ဟုလည်း ဖော်ပြထားသည်။ မြို့ကြီးပြကြီး ၁၈၈ မြို့၊ ကျေးရွာပေါင်း ၅၈၈၅ ရွာတွင် စစ်တမ်းများ ကောက်ခဲ့သည်။ မြန်မာ ၂၂၇၉၀၀၀၊ ရှမ်း ၁၀၆၉၀၀၀ နှင့် အခြား တိုင်းရင်းသားများ ၈၀၀၀၀၀၊ စုစုပေါင်း လေးသန်းအပေါ် အခွန်အတုတ်များ ကောက်ခဲ့သည်။ ဤသို့ အခွန်ဘဏ္ဍာများ ကောက်ခဲ့ခြင်းမှာ တစ်တိုင်းပြည်လုံး၌ ရာချီသော ဘုရားကျောင်းကန်များ တည်ဆောက်ခြင်းတွင် ကုန်ကျသော တိုင်းပြည်ဘဏ္ဍာငွေကို ကာမိရန် ဖြစ်သည်ဟု ရေးထားသည်။ ဘုရင်က သူ့အကျိုးကိုသာ ကြည့်သည်။ တိုင်းသူပြည်သားများ၏ အကျိုးကို မကြည့်ဟု ဆိုလိုဟန် ရှိသည်။ ကောက်စ် (Cocks)၏'မြန်မာနိုင်ငံသမိုင်း အကျဉ်း'(A Short History of Burma )ကို ကိုးကား၍ မန္တလေးမှ အောင်ပင်လယ်ကန်နှင့် မိတ္ထီလာကန်တော်တို့ကို ဆည်ဖို့ခဲ့ကြောင်း၊ ထိုကန် နှစ်ကန် ဆည်ဖို့ခြင်းနှင့် နောက်ပိုင်း ပြုလုပ်မည့် မင်းကွန်းပုထိုးတော်ကြီး တည်ဆောက်ခြင်းတို့ကြောင့် တစ်တိုင်းပြည်လုံးမှ ပြည်သူပြည်သားများကို

mgyoe.com

ခိုင်းစေခဲ့သည်ဟု ရေးထားသည်။ ထိုသို့ ခိုင်းစေခြင်းသည် အဓမ္မခိုင်းစေခြင်း ဖြစ်သည့်အပြင် တိုင်းပြည်ဘဏ္ဍာတော်ကို အစဉ်သဖြင့် လျော့နည်းစေသည် ဟုလည်း ဆိုထားသည်။

သူဆိုချင်သည်မှာ ဗဒုံမင်း၏ လုပ်ဆောင်ချက်မှန်သမျှသည် တိုင်းကျိုး ပြည်ကျိုးထက် သူ့ကိုယ်ကျိုးအတွက် တိုင်းသူပြည်သားများအား မတရားခိုင်းစေကာ ဖိနှိပ်ချုပ်ချယ်၍ တိုင်းပြည်ဘဏ္ဍာလျော့နည်းစေသည်ဟု ဆိုလိုခြင်းပင် ဖြစ်သည်။

'ဗဒုံမင်းသည် ဆည်မြောင်းကန်ချောင်းတို့ကို ပြုပြင်ခဲ့သည်။ ပုဂံခေတ် အလောင်းစည်သူမင်း လက်ထက်တော်က တူးဖော်တည်ထားခဲ့သည့် အောင်ပင်လယ် ကန် ယိုယွင်းသည်ကို ပြုပြင်တော်မူခဲ့သည်။ မင်းတရားကြီး ကိုယ်တော်တိုင် ကြွတော်မူ၍ နောက်တော်ပါစစ်သည်တော်များကို ကြီးကြပ် ခန့်ခွဲတော်မူ၍ လုပ်ဆောင် ဆည်ဖို့ကြသည်။ ပြီးလျှင် နန္ဒကန်ဟု ကမ္ပည်း စိုက်ထူခဲ့သည်။ မိတ္ထီလာကန်တော်ကိုလည်း အိမ်ရှေ့မင်းသား၊ မင်းညီ မင်းသား၊ ဗိုလ်မှူးတပ်မှူး အပေါင်း ခြံရံကာ သွားရောက်၍ ဆည်ဖို့ကြသည်။ မိတ္ထီလာကန်သာမက မြို့တစ်မြို့လုံးကို ပြင်ဆင်ရန် လိုအပ်သမျှ ပြင်ဆင်ခဲ့သည်။'

ဟု ဒေါက်တာမတင်ဝင်းက သူ၏'ကုန်းဘောင်ကိုဆန်း၍' စာအုပ်တွင် ရေးသားဖော်ပြခဲ့ပါသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် မြန်မာ့သမိုင်းစာရေးဆရာ နှင့် နိုင်ငံခြားသားသမိုင်းဆရာတို့၏ မြန်မာ့သမိုင်းအပေါ် ထင်မြင်ချက်၊ မြန်မာ ဘုရင်တို့ အပေါ် ထင်မြင်ချက်ကို ယှဉ်၍ ကြည့်နိုင်သည်။ တိုင်းတစ်ပါးသား သမိုင်းစာရေးဆရာများသည် မြန်မာဘုရင်များအပေါ် အကောင်းမြင်ဝါဒဖြင့် မဟုတ်ဘဲ အပုပ်ချ၍ အဆိုးမြင်ဝါဒဖြင့်သာ ရေးသားတတ်ကြသည်။ ထို့အတူ နီဝယ်လ်ဆင်းဂါး၏ စာအုပ်တွင် ဗဒုံမင်း ပြုလုပ်သမျှ လုပ်ငန်းများကို အကောင်းရော အဆိုးပါ ဖော်ပြသော်လည်း အကောင်းဘက်သို့ မီးမောင်းထိုးမပြဘဲ အဆိုးဘက်သို့ သာ မီးမောင်းထိုးပြကာ –

'ဗဒုံမင်းသည် တိုင်းသူပြည်သားတို့အား မတရား ခိုင်းစေခဲ့သည့် မင်းဆိုးမင်းညစ်၊ တိုင်းပြည်၏ အခွန်ဘဏ္ဍာတို့ကို လျော့ပါးစေသည့် မင်းဆိုး မင်းညစ်၊ ဗေဒင်ယတြာတို့ကိုသာ ယုံကြည်ခြင်းဖြင့် အဓိပ္ပာယ်မဲ့သော ဘုရား ကျောင်းကန်များကိုသာ တည်ခဲ့သည့် မင်းဆိုးမင်းညစ်'သဘော သက်ရောက် စေလေသည်။

မှန်၊ မမှန်ကိုကား မြန်မာစာဖတ်ပရိသတ်များကသာ စဉ်းစား


mgyoe.com

 mgyoe.com SAMPLE BOOK 


ဆင်ခြင်ရန် ရှိသည်။ သူတို့ အင်္ဂလိပ်လို ရေးခဲ့သည့် စာအုပ်များသည် ကမ္ဘာသို့ ပျံ့နှံ့သွား၍ ကမ္ဘာက မြန်မာမင်းများအပေါ် အမြင်စောင်းစေသည်။ အထင်သေးစေသည်။ ဤသို့ ဖြစ်စေရန် ရေးကြခြင်းမှာ နယ်ချဲ့အလိုကျသာ ဖြစ်ပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK



အမရပူရနန်းတော်



အမရပူရနန်းတော် ညီလာခံဆောင်

mgyoe.com

mgyoe.com SAMPLE BOOK

# ဗဒုံမင်းရှင်းတမ်း (၈)

**ရခိုင်ကို သိမ်းပိုက်ခြင်းကိစ္စ**

ရခိုင်ပြည်နယ်သည် ရှေးက သီးခြားမင်းများနှင့် သီးခြား ပြည်တစ်ပြည် ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီးလက်ထက်၌ ရခိုင်ကို မတိုက်ခဲ့ချေ။ ရခိုင်ရာဇဝင်က အလောင်းမင်းတရားကြီးသည် ရခိုင်ဘုရင် ဥဂ္ဂါဗလ သီရိသုဓမ္မရာဇာ၏ မိဖုရားကြီး ထီးနန်းအရေးကြောင့် မြန်မာပြည်တွင်းသို့ ပြေးရာ ကိုယ်ဝန်အရင့်အမာပါသွား၍ ဖွားတော်မူသူ ဖြစ်သဖြင့် ရခိုင်ကို မတိုက်ခဲ့ဟု အသားယူ ရေးသားထားသည်။ (အလောင်းမင်းတရားကြီးသည် ရခိုင်ဘုရင် ဥဂ္ဂါဗလသီရိသုဓမ္မရာဇာ၏ သားတော်ဟု ဆိုလိုသည်။ ရခိုင်သွေးပါ၍ ရခိုင်ကို မတိုက်ဟု ရေးခြင်း ဖြစ်သည်။)

နိုဝယ်လ်ဆင်းဂါး၏ ဗဒုံမင်းအကြောင်းစာအုပ်တွင် -

'ခရစ်နှစ် ၁၇၈၄ ခုနှစ်၌ ဗဒုံမင်းတရားကြီး သားတော် အိမ်ရှေ့စံ ရွှေတောင်မင်းသား သီရိမဟာဓမ္မာဘိဇယသီဟသူရကို စစ်သည် ၃၀၀၀၀ ဖြင့် ရခိုင်အား တိုက်ရန် စေသည်။ ဤသို့ ရခိုင်အား တိုက်ရန် ဖြစ်ပေါ်ခြင်းသည် ဓာဂရ နတ်စက်ရောင်သိုက်စာအရ ဖြစ်သည်။

ဓာဂရ နတ်စက်ရောင် သိုက်စာတွင် -

mgyoe.com

mgyoe.com  SAMPLE BOOK 

'ရခိုင် သံတွဲ အရပ်၌ ဓညဝတီမြို့သည် ပျက်စီးခြင်းသို့ ရောက်လတ္တံ့.'

'ဗုဒ္ဓကိုယ်စား ဘုရားမြတ်စွာ ရွှေပြည်သာသို့ ကြွလတ္တံ့.'

ဟူ၍ ဆိုထားသည်။

'ဗုဒ္ဓကိုယ်စား ဘုရားမြတ်စွာ' ဆိုသည်မှာ မဟာမုနိဘွဲ့တော်ရှိသည့် ဓညဝတီမှ ကြေးရုပ်ရှင်တော်ကြီး ဖြစ်သည်။ ထိုရုပ်တုတော်ကြီးကို မြတ်စွာဘုရား သက်ရှိထင်ရှားရှိစဉ်ကပင် ရခိုင်ပြည်နယ်သို့ ကြွလာသောအခါ၌ ဘုရားကိုယ်စား ရုပ်ပွားထုထားခဲ့သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် 'မဟာမုနိရုပ်ရှင်တော်' ဟု ခေါ်သည်။ ရခိုင်ပြည်နယ်၏ မင်းနှင့်တကွ ပြည်သူပြည်သားတို့က ဤ ရုပ်ရှင်တော်မြတ်ကြီး၏ တန်ခိုးတော်ကြောင့် သူတို့အပေါ် မည်သည့် အန္တရာယ်မျှ မကျရောက်နိုင်ဟုလည်း ယုံကြည်ကြသည်။' ဟူ၍ ရေးထားသည်။

ထို့ပြင် ဤကိစ္စနှင့်ပတ်သက်၍ သူ၏စာအုပ်တွင် -

'မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ကျောက်ပလ္လင်အောက်နှင့် ဂန္ဓကုဋီ အတွင်း ထားရှိသော ဟိန္ဒူနတ်ရုပ်များက ရခိုင်ပြည်နယ်အား ရန်အပေါင်းမှ ကာကွယ်စောင့်ရှောက်ထားသည်ဟု ယုံကြည်ကြကြောင်း၊ ရခိုင်ရာဇဝင်တွင် ရခိုင်ပြည်နယ်အား အကြိမ်ကြိမ် ရန်သူများက ဖျက်ဆီး၍ ဖော်ပြပါ ကျောက်ပလ္လင် အောက်နှင့် ဂန္ဓကုဋီအတွင်း ထားရှိသော ဟိန္ဒူနတ်ရုပ်များ ပျက်စီးခဲ့ရသော်လည်း နောင်တက်သည့်မင်းနှင့် ပြည်သူတို့က ပြန်၍ ပြင်ကာ ယတြာပြုထား ကြသည် ဆိုသည်။

ဗဒုံမင်းသည် ထိုအခြင်းအရာကို ယုံကြည်သဖြင့် ခရစ်နှစ် ၁၇၈၃ ခုတွင် အောက်လမ်းဆရာများကို စေလွှတ်ကြောင်း၊ ထိုသူတို့သည် သင်္ကန်း ဝတ်၍ သံဃာအယောင်ဆောင်ကာ ပြုလုပ်ထားသည့် ယတြာများကို ချေဖျက် ခဲ့ကြောင်း၊ ထိုနောက်မှ သားတော်ရွှေတောင်မင်းကို တိုက်ခိုက်သိမ်းပိုက်စေ သည် ဟု ဆိုကြောင်း' ဟာဗေး၏ မြန်မာရာဇဝင် စာမျက်နှာ ၂၆၇ ကို ကိုးကား၍ ရေးသားဖော်ပြထားသည်။

ခရစ်နှစ် ၁၇၈၅ ခု ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်ကို သိမ်းပိုက် ပြီးသောအခါ ရခိုင်မင်းမျိုးမင်းနွယ်များ၊ မှူးမတ်များ အစရှိသူတို့ ၂၀၀၀ ခန့်ကို လည်းကောင်း၊ ရခိုင်နန်းမှ လုယူခဲ့သည့် ပစ္စည်းများကို လည်းကောင်း၊ ပိဋကတ်တိုက်မှ ပေစာများကို လည်းကောင်း အမရပူရသို့ သယ်ဆောင်ခဲ့သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုလည်း သယ်ဆောင်လာသည်။ ကြေးရုပ်ရှင်တော်ကြီးကို သုံးပိုင်း ပိုင်း၍ ယူဆောင်လာသည်။ အမရပူရရောက်မှ အတွင်းမှ အဖိုးထိုက် အဖိုးတန် ဌာပနာများကို ဖောက်ယူပြီး ရုပ်ရှင်တော်မြတ်ကြီးအား ပြန်ဆက်သွန်းလောင်းကာ ကိုးကွယ်ခဲ့သည်။(ယခု မန္တလေးတွင် ကိုးကွယ်နေသည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးပင် ဖြစ်သည်။)

ထိုသို့ဖြင့် ဇာဂရု နတ်စက်ရောင်သိုက်စာသည် မှန်သွားခဲ့လေသည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသည် နေပြည်တော်သို့ ရောက်ခဲ့ပြီ။ ရခိုင်တို့က ဤကိစ္စအတွက် မည်သို့မျှ ခွင့်မလွှတ်နိုင်ဟု စာရေးသူ ရခိုင်သို့ ရောက်စဉ်က ပြောပြကြသည်။'

ဟု ရေးသား ဖော်ပြထားပါသည်။ ဆက်၍ ဖော်ပြထားသည်မှာ -

'ခရစ်နှစ် ၁၇၈၀ နှစ်တွင်လည်း ရခိုင်နေပြည်တော် မြောက်ဦးသည် ထိုကဲ့သို့ပင် လုယက်ဖျက်ဆီးခြင်းခံရသည်။ ရေအောက်တွင် လည်းကောင်း၊ မြေအောက်တွင် လည်းကောင်း ဝှက်ထား၍သာ အချို့ ကျန်ခဲ့လေသည်'ဟု ဟာဗေးက သူ၏ စာအုပ်တွင် ရေးသားထားကြောင်း၊ 'လူအများစုမှာလည်း အနီးအနားမှ ဗြိတိသျှပိုင် ဘင်ဂေါလ်နယ်သို့ ထွက်ပြေးကြကြောင်း၊ ရခိုင်အား သိမ်းပိုက်ခြင်းသည် ဗြိတိသျှပိုင်မြေနှင့် ဆက်စပ်လျက်ရှိသော နေရာကို သိမ်းပိုက်လိုက်မိခြင်း ဖြစ်ကြောင်း၊ ဤသည်ကား ဗဒုံမင်း၏ အမှားပင် ဖြစ်ကြောင်း၊ ဗဒုံမင်းလက်ထက်တော်မှစ၍ နောင် သူ့ကို ဆက်ခံသော သားစဉ်မြေးဆက်သည် ဗြိတိသျှတို့နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရတော့မည်ဖြစ်ကြောင်း' ဖြင့် ရခိုင်အား သိမ်းပိုက်မိခြင်းကို အမှားစစ်ဟု ဖော်ပြထားပါသည်။

ဆက်လက် ဖော်ပြထားပြန်သည်မှာ -

'ဗဒုံမင်းလက်ထက်တော်တွင် ရခိုင်အမျိုးသားဟူသမျှကို သိမ်းပိုက်ခံ ရခိုင်မြေမှ မိုင်ပေါင်းများစွာ ဝေးကွာသောအရပ်၌ နိုင်ငံတော်လုပ်ငန်းကြီးများတွင် ခိုင်းစေခဲ့ကြောင်း၊ မြန်မာစစ်တပ်အတွင်းသို့လည်း သွတ်သွင်းခဲ့ကြောင်း၊ ပထမတွင် ရခိုင်အမျိုးသား ၃၀၀၀ကို ခေါ်ဆောင်သွားကြောင်း၊ နောက်ပိုင်းတွင် ၆၀၀၀ ကို တပ်တွင်းသွင်း၍ ဖင်းမယ်နှင့် တိုက်ခိုက်ရာတွင် အသုံးပြုခဲ့ကြောင်း၊ ထို ရခိုင် ၆၀၀၀ သည် မည်သည့်အခါမျှ ရခိုင်ပြည်နယ်သို့ ပြန်မရောက်တော့ကြောင်း၊ တိုက်ခိုက်ရင်းဖြင့် လည်းကောင်း၊ ဝက်မွှက်ခေါင်းပါး၍ လည်းကောင်း၊ အနာရောဂါကျရောက်၍ လည်းကောင်း သေဆုံးခဲ့ရလေသည်။ ကော့စ်

mgyoe.com

m g y e e . c o m

SAMPLE BOOK


(Cocks)က 'ဤသို့ အစမ္ပစေခိုင်းခြင်းသည် ရခိုင်တို့အား ပုန်ကန်စေသည့် အကြောင်းရင်းတစ်ခုပင် ဖြစ်သည်' ဟု ဖော်ပြကြောင်း' ဟု ဖြစ်၏။ တစ်ဖန် ဆက်၍ ဖော်ပြပြန်သည်မှာ -

ဇာဂရ နတ်စက်ရောင်သိုက်စာအလိုအရ -

'ကျိုးမင်းမြို့၌ နေကုန်သောလူတို့သည် မီးကဲ့သို့ ဖြစ်ကုန်လတ္တံ့ ဆိုသည့်အချက်မှာ မှန်ကန်သကဲ့သို့ ဖြစ်နေပါသည်။' ဟု ဖြစ်၏။

နိုဝယ်လ်ဆင်းဂါးသည် ဗဒုံမင်း၏ ရခိုင်သိမ်းရေးနှင့် ပတ်သက်၍ တိုင်းတစ်ပါးစာရေးဆရာများ၏ အဆိုးမြင်ဝါဒဖြင့် ရေးထားသော စာအုပ်များမှသာ ကိုးကားပြီး ရေးသား ဖော်ပြထားခြင်း ဖြစ်သည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ဒုတိယတွဲတွင်(၁) ရခိုင်ဓညဝတီပြည်ကြီးကို သိမ်းယူမည်ဟု သားတော် ဥပရာဇာနှင့် ချီထွက်ရသည့် တပ်စဉ်များ၊ (၂) ပန်းတောင်းမြို့သို့ တပ်တော်ရောက်လျှင် စစ်သုံးကြောင်း ခွဲဝေချီတက်ရန် စီမံတော်မူ၍ ရခိုင်ပြည်နယ်ကို တိုက်ခိုက်သိမ်းယူတော်မူခြင်း၊ (၃) မဟာဝိဟိကတိုင်း ဖြစ်သော ရခိုင်ပြည်နယ်ကြီး၏ အကြောင်း၊ (၄ ရခိုင်ပြည်နယ်က မဟာမုနိ ရုပ်ပွားတော်မြတ်ကို ပင့်ဆောင်တော်မူခဲ့ခြင်းနှင့်တကွ သိမ်းယူတော်မူခဲ့သော အထူးထူးသော ဘဏ္ဍာရာများနှင့် လက်နက်အမြောက် စိန်ပြောင်း၊ သုံ့လူများ စသည့် ခေါင်းစဉ်များဖြင့် ကဏ္ဍ လေးရပ်ခွဲ၍ အပြည့်အစုံ ဖော်ပြထားပါသည်။ ဤသည်ကို နိုဝယ်လ်ဆင်းဂါးက လျစ်လျူရှုခဲ့ဟန်တူသည်။

ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး ဒုတိယတွဲတွင် ဗဒုံမင်းတရားက သားတော် ဥပရာဇာအား ရခိုင် ဓညဝတီပြည်ကြီးကို သိမ်းယူရမည်ဟု မိန့်တော်မူကြောင်း ဖော်ပြထားသည်။

အမိန့်အရ သားတော် မဟာဥပရာဇာသည် တပ်ပေါင်း ၂၁ တပ်တွင် တိုက်ဆင် ၂၂၀၊ မြင်း ၂၁၀၀၊ စစ်သည် သူရဲ ၂၁၀၀၀နှင့် လည်းကောင်း၊ တပ်ပေါင်း ၃၃ တပ်တွင် တိုက်ဆင် ၃၃၀၊ မြင်း ၃၃၀၀၊ စစ်သည် သူရဲ ၃၃၀၀၀ နှင့် လည်းကောင်း၊ ၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်၊ (၁၆-၁၀-၁၇၈၄)နေ့တွင် စတင် ချီတက်တော်မူသည်။ ပန်းတောင်းမြို့သို့ ရောက်လျှင် စစ်သုံးကြောင်း ခွဲဝေ၍ ရခိုင်ပြည်နယ်ကို တိုက်ခိုက်သိမ်းယူရန် ချီသည်။ ရခိုင်မင်းလည်း မြန်မာမင်းသားတော် မဟာဥပရာဇာ အလုံးအရင်းများနှင့် ရခိုင်သို့ ချီလာကြောင်း ကြားလေသည်။ ကျုံးမြောင်း၊ ပစ္စင်၊

m g y e e . c o m

mgybe.com  SAMPLE BOOK 

ဆင်ခလုတ်၊ မြင်းခလုတ်၊ ကတုတ်၊ ဆူးငြောင့် ပြင်ဆင်လုပ်ဆောင်ပြီးလျှင် မြို့ထိပ် ပြထိပ်သို့ အမြောက်၊ စိန်ပြောင်း၊ သူရဲ သူခက် အပြည့်တင်၍ မြို့နှင့် အခိုင်ခံလေသည်။

ဘားအိုင်ကြောင်း ချီသော ခြောက်တပ်သည် ဒလက်သို့ မရောက်မီ လက်တင်မြော်စခန်းတွင် ရခိုင်ဗိုလ်မှူး ငပေါလုံနှင့် စတင် တိုက်ခိုက်ရ၏။ လင်းပတော့ကြောင်းချီသော ခြောက်တပ်သည် တန်လွဲတွင် တောင်မင်းကျော်ထွေး နှင့် တိုက်ရ၏။ ငပေါလုံနှင့်တောင်မင်းကျော်ထွေးတို့ မခံမရပ်နိုင်ဆုတ်ပြေး၍ စတင် အနိုင်ရရှိခဲ့သည်။ သို့နှင့်ပင် မဟာဥပရာဇာသည်၊ သံတွဲတောင်စဉ် ခုနစ်ခရိုင်လုံးကို ရရှိသည်။ ရမ်းဗြဲကျွန်းသို့ချီရာ တစ်ကျွန်းလုံးကို အလိုတော် ပြည့်ခဲ့သည်။ ကြက်စင်ကျွန်းစား လေကျော်တောင်ကဲသည် လူ ၂၀၀၀၀ ကျော်နှင့် လက်နက်ချ ဝင်ရောက်လာသည်။ ထိုသူနှင့် ယမုံးကျွန်းစား ဓားပိုင် ကြီးသံတွေတို့ကို ပုဆိုး၊ ဖလား၊ ဝတ်လုံ၊ ဆုတော်များ ပေးသနား၍ ရှေ့တပ်တော်က လိုက်စေသည်။

ရခိုင်မင်း မဟာသမ္မတရာဇာသည် ရှောင်လွှဲထွက်ပြေးသဖြင့် သက္ကရာဇ် ၁၁၄၆ ပြာသိုလပြည့်ကျော် ၈ ရက် (၂-၁-၁၇၈၅)နေ့တွင် ရခိုင်ကို သိမ်းယူတော်မူသည်။ ထီးစည်မှန်ကင်းများ သိမ်းအုပ်တော်မူသည်။ ရခိုင်မင်း ကွန်းချောင်းကျွန်းသာယာတွင် ရှောင်ရှားနေသည်ကို အဂ္ဂဘတ်မင်း တပ်မှူး သုံးဦးက ဖမ်းမိသဖြင့် ဘုရင်နှင့် မိဖုရား၊ သားသမီး အခြွေအရံတို့ကို မဟာဥပရာဇာခြေရင်းတော်သို့ ဆက်လာ၏။ ထို့ကြောင့် ဓညဝတီ ရခိုင်ပြည်နယ် တွင် မင်းကြီးမင်းခေါင်ကျော်ကို သေနတ်စွဲ လူ ၁၀၀၀၀ ကျော်နှင့် အသိမ်းအရုံး အစောင့်အနေ ခန့်ထားခဲ့သည်။ မဟာမုနိရုပ်ရှင်တော်မြတ်ကိုလည်း ပင့်ဆောင် တော်မူခဲ့ပြီးလျှင် ရခိုင်ဘုရင် မဟာသမ္မတရာဇာနှင့်တကွ မိဖုရားခေါင်ကြီး၊ တောင်ဆောင်မိဖုရား၊ မြောက်ဆောင်မိဖုရား၊ သမီးတော် မှောက်တော်ကြီး၊ မှောက်တော်လတ်၊ မင်းသား မောင်ဝက်တောင်း၊ မင်းသား မောင်ရဲခေါ်တို့နှင့် ရခိုင်တွင် အထက်မင်းပြုသူ စန္ဒသုမနရာဇာသား မင်းသား သာမ၊ ညီ ဓားပိုင်ကြီး၊ အဘယမဟာရာဇာသား ပတင်းစား၊ သီရိသုရာဇာသား သတိုးအရိုက်၊ ဓမ္မရာဇ်ရာဇာသား ရေနောက်စား၊ ညီ နတ်တောင်စား၊ စန္ဒပရမရာဇာသား ဓားပိုင်ကြီး တို့နှင့်တကွ မင်းဆွေစိုးမျိုး၊ မှူးတော်မတ်တော်၊ ဗိုလ်မှူးတပ်မှူးအပေါင်း၊ အမြောက်ကြီးများနှင့်၊ အမြောက် ၂၀၀၀ ကျော်၊ စိန်ပြောင်း ၁၀၀၀၀ ကျော်၊

mgybe.com

mgyoe.com
SAMPLE BOOK


သေနတ်အလက် ၁၀၀၀၀ ကျော်၊ ယိုးဒယားလုပ်ကြေးရုပ် ၃၀ ကျော်၊ မိန်းမစိုး ၃၀ ကျော်၊ ဗြာဟ္မဏမျိုး၊ ဘိသျှုမျိုး၊ သုဒ္ဒိယပုဏ္ဏားမျိုးသန့် အိမ်ထောင်စုငါးရာကျော်၊ ဆေဗေဒ၊ ဂန္ဓဗ္ဗ ပုဏ္ဏားမျိုးတို့နှင့် အတတ်ပညာသည် ဆိုသမျှလူမှစ၍ ဆင်မြင်း သုံ့ပန်းလူ ၃၀၀၀၀ ကျော် သိမ်းယူတော်မူခဲ့သည်။ မဟာမုနိဘုရားရှင်ကိုလည်း ပန်းတောင်းမြို့ဆိပ်သို့ရောက်လျှင် ရွှေဖောင်နှစ်စင်းတွဲနှင့် ပင့်ဆောင်တော်မူ၏။ ဤကား ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးတွင် ဖော်ပြထားချက်များမှ အကျဉ်းသာ ဖြစ်ပါသည်။

နိဝယ်လ်ဆင်းဂါးဖော်ပြထားသကဲ့သို့ ဇာဂရု နတ်စက်ရောင်သိုက်စာအရ ရခိုင်ကိုသိမ်းခြင်းဟု လုံး၀ မပါပါ။ ဇာဂရု နတ်စက်ရောင်သိုက်စာ ရှိသည်ဆိုသည်ကား အမှန်ပင် ဖြစ်သည်။ သို့သော် ဤသိုက်စာက မည်သို့ပင် ဆိုစေကာမူ စစ်ရေးအရ မြန်မာတို့က သာနေ၍သာ ရခိုင်ကို အနိုင်ရခြင်း ဖြစ်သည်။ နိဝယ်လ်ဆင်းဂါး ဖော်ပြထားသည့် ရခိုင်အမျိုးသား ပထမ ၃၀၀၀၊ နောက် ၆၀၀၀ ဆိုလျှင် ပေါင်း ၉၀၀၀ သာ ရှိသေးသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီးက လူသူလက်နက်ပေါင်း သုံးသောင်းကျော် သယ်ဆောင်လာခဲ့ကြောင်း အသေးစိတ် ဖော်ပြထားခဲ့သည်ကို တွေ့ရသည်။

ဤနေရာတွင် မဟာဝိဟိကတိုင်း ဖြစ်သော ရခိုင်ပြည်နယ်ကြီးအကြောင်းကို အကျဉ်းမျှ သိရန် လိုသည်။ ကစ္ဆပနဒီမြစ် အရှေ့ဘက် ၉၉ မြို့၊ အနောက်ဘက် ၉၉ မြို့မှာ ဘုရားပွင့်တော်မမူမီ ဓညဝတီမြို့တွင် သရာဘန္ဒမင်းကသည် သားမြေးမြစ်မင်း တစ်ဆယ့်ခြောက်ဆက် အဆုံးတွင် မင်းနှင့်တကွပြည်သူပြည်သားတို့ကို ဘီလူးစား၍ ကျန်ရာသမျှ ပြည်သူပြည်သား၊ မင်း မိဖုရားနှင့် မင်းသမီး ရုစိတမာလာသာ ကျန်သည် ဆို၏။ ဓညဝတီမြို့ကို ဆတ်မသားမာယာရမင်း အစတည်ထောင်၍ မင်းပြုသည်။ ၎င်းမင်းအစမှ မင်းငယ် လှပျောစည်သူအဆုံး မင်းပေါင်း ၅၅ ဆက်၊ နှစ်ပေါင်း ၁၈၁၆ နှစ် ကြာသည်။

တကောင်းပြည်ကြီးတည် အဘိရာဇာမင်းကြီးသား ကံရာဇာကြီး၊ ကံရာဇာငယ်မှ ကံရာဇာငယ်က တကောင်းပြည်ကို စိုးစံသောအခါ နောင်တော် ကံရာဇာကြီးသည် ရခိုင်ဓညဝတီမြို့ကို တည်ထောင်၍ မင်းပြုပြန်သည်။ ထိုမင်းမှအစ သူရိယကေတုမင်းအဆုံး မင်းဆက် ၅၃ ဆက် နှစ်ပေါင်း ၁၆၄၃ နှစ် ကြာ၏။ ထိုမှစ၍ ဓညဝတီကျောက်လှေကား မင်းဆက် ၁၁ ဆက်

mgyoe.com